ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့၊ (24-9-2006) (၅၀၉၀)

မြန်မာတို့၏ ဆိုရိုးစကား

စကားကြီး (၁၀)မျိုး

မြန်မာလူမျိုးတို့သည် မြန်မာစကား၊ မြန်မာစာပေဟူ၍ အခိုင်အမာသမိုင်းရှိသော လူမျိုးတစ်မျိုးဖြစ်သည့်အားလျော်စွာ မြန်မာတို့သုံးသော စကားလုံးများသည် လွန်စွာမှပင် ပေါများကြွယ်ဝ အဓိပ္ပာယ်လေးနက်လှပါသည်။

သံခင်း၊ တမန်ခင်း ပြောဆိုခြင်းများမှအစ လူမှုရေးနယ်ပယ်အတွင်း မိမိဆောင်ရွက်ကြသည့် ကိစ္စများအပေါ် မူတည်၍ ဥပမာ ဥပမေယျများဖြင့် ပြောဆိုတတ်ကြပါသည်။

စကားပြောဆိုရာ၌ ကျွမ်းကျင်လိမ္မာစေရန် စကားပြောနည်း(၁၀)မျိုးကို ခွဲခြားသတ်မှတ်ထားသည်။ မြန်မာလူမျိုးတို့က စကားကြီး(၁၀)မျိုးဟု ခေါ်ဆိုကြသည်။ ယင်းစကားကြီး (၁၀)မျိုး၏ အမည်ကို မုန်တိုင်ပင်ဆရာတော်က မှတ်သားရလွယ်ကူစေရန် သုံးပုံတံချုကျမ်း၌ အောက်ပါအတိုင်း လင်္ကာစီထားပါသည်–

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❁

နိုင်ငံတော်အတွက် အရေးပါသည့်စီမံကိန်းများကို တတ်နိုင်သမျှအမြန်ပြီးစီးရန် ကြိုးပမ်းအကောင်အထည်ဖော် စီမံကိန်းအသုံးစရိတ်များကို မလိုအပ်ဘဲ တစ်ကြိမ်တည်း၊ တစ်ခါတည်း တောင်းခံသုံးစွဲခြင်းမပြုရန်လို လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ဖြစ်နိုင်သမျှ ပြည်တွင်း၌ တီထွင်ထုတ်လုပ်နိုင်သောပစ္စည်းများကိုသုံးစွဲ

နေပြည်တော် စက်တင်ဘာ ၂၃

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၆) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့–အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့–အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၆)ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်စဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၄-၉-၂၀၀၆
(တနင်္ဂနွေနေ့)

နိုင်ငံတော်ဖွံ့ဖြိုးရေး အခြေခံကောင်းများတည်ဆောက် စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးစီးရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွား အတွက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများစွာကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့ရာ ပြီးစီးပေါ်ထွက်လာသည့် စီမံကိန်းများ၏ အကျိုးရလဒ်များကို ပြည်သူများ ရရှိခံစားနေကြရပြီဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်နယ်နှင့် တိုင်းအချို့တွင် စိုက်ပျိုးရေ ရရှိရေး စီမံကိန်း ၈၄ ခုကို ထပ်မံအကောင်အထည်ဖော်ခဲ့ရာ စိုက်ပျိုးမြေဧက ကိုးသိန်းကျော်ကို အကျိုးပြုလျက်ရှိပြီး သောက်သုံးရေ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ယခုအခါ စီမံကိန်း ၁၃ ခုကို ဆက်လက်၍ လုပ်ကိုင်လျက်ရှိရာ ပြီးစီးပါက စိုက်ပျိုးမြေဧက တစ်သန်းကျော်ကို အကျိုးပြုနိုင်မည့်အပြင် ရေအား လျှပ်စစ် မဂ္ဂါဝပ် တစ်ထောင်ကျော် ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

ထို့အတူအမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီး ဌာနတို့ကလည်း သွင်းကုန်အစားထိုး စက်ရုံများ၊ လူသုံးကုန်ပစ္စည်း စက်ရုံများ၊ အကြီးစားစက်ပစ္စည်းများ ထုတ်လုပ်သည့် ခေတ်မီ စက်ရုံများစွာ တိုးချဲ့တည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။

အလားတူ စွမ်းအင်၊ သတ္တု၊ သစ်တော၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းစသည့် ဝန်ကြီးဌာနအသီးသီးတို့ကလည်း အခြေခံကျသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိရာ အောင်မြင်မှုအရှိန်အဟုန် ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်း လုပ်ငန်းကြီးများမှာ ထုထည်ပမာဏကြီးမားသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန တစ်ခုတည်းသာမက ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၏ ထောက်ကူ ပံ့ပိုးမှုများဖြင့်ပါ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက် ရှိသည်။

အထူးစီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော် ပြီးစီးသည်နှင့်အမျှ ပြည်သူများအနေဖြင့် အကျိုးသက်ရောက်မှုများ ဆောလျင်စွာ ခံစားကြရပြီး နိုင်ငံတော်သည်လည်း ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်မည့် အခြေခံကောင်း များစွာကို တည်ဆောက် မြှင့်တင်ပေးလျက်ရှိရာ နောင်လာနောက်သားများ ကောင်းစားရေးအတွက် အရေးပါသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွား နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

မရွှိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့်အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ သာလာဝတီလမ်းမှ ဦးကျော်ထက်-ဒေါ်နွဲ့နွဲ့ရီ၊ သမီး ဟန်နီလှိုင်ဦး၊ မြတ်သဲဆုမိသားစုက ကျပ် ၁၀၀၀၀၀၊ လသာမြို့နယ် ဒေါ်လှလှဝင်းနှင့်မောင်နှမတစ်စုက ကျပ် ၃၃၀၀၀၊ ကမ္ဘာအေးရေစက်လမ်းနေ ဒေါ်ခင်သန်းနွယ်မိသားစုနှင့် ဓမ္မမိတ်ဆွေများ က ကျပ် ၄၄၀၀၀ စုပေါင်းလှူဒါန်းသည့် အလှူငွေ ကျပ် ၁၇၇၀၀၀ကို အမှူးဆောင်ဒေါ်သန်းသန်းဇင်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ခရိုင်အသင်းရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

အစည်းအဝေးတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)၊ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ခရိုင်အသင်းအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် တိုင်းအလုပ်အမှုဆောင် ဦးတင်လှိုင်တို့က လက်ခံကြသည်။

ယင်းနောက် တိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက ကျေးပွန်စွာတာဝန် ထမ်းဆောင်ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက် ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးတင်အောင်က ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်း ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ရေးရာအလိုက် ဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာများအပေါ် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း၊ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍအဆိုကို ထောက်ခံတင်ပြခြင်း၊ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအဆိုကို ထောက်ခံတင်ပြခြင်း၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှု အင်အားဖြင့် ကာကွယ်ရေး အဆိုကို ထောက်ခံတင်ပြခြင်း ဆောင်ရွက်ကြသည်။

ထို့နောက် ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များအပေါ် ခရိုင်အသင်း အတွင်းရေးမှူး ဦးဇော်အောင်က ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုခြင်း တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းနှစ်ရပ် တို့ကို ချမှတ်သည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တွင် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဘုရင့်နောင်ပွဲရုံ ဓမ္မဒူတရှင်ဆေကိန္ဒ တရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၄

ဘုရင့်နောင်ပွဲရုံ မိသားစုများ၏ ပထမအကြိမ် အရဏ်ဆွမ်းလောင်း အောင်ပွဲအဖြစ် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်သည် သီတင်းကျွတ်လပြည့်ကျော် ၁ရက် (၇-၁၀-၂၀၀၆) စနေနေ့ ည ၇ နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနယ်မြေ အသောက လမ်း၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

လှူဒါန်း

နတ်ရေကန်ရွှေစောင်းဆု ချီးမြှင့်ပွဲတွင် စမ်းချောင်း ဒေါ်ဉာဏစာရီ သီလရှင်ကျောင်းသို့ နတ်ရေကန် ဦးတင်မောင်ထွေးမှ လှူဒါန်းသော အလှူငွေကျပ် ၉၀၀၀၀ကို အလှူရှင် ကိုယ်စား ဦးမောင်မောင်တင် (ဓာတ်ပုံ)က တိုက်အုပ်ဒေါ်ဇေယျာဝတီ ထံ လှူဒါန်းစဉ်။ (က-ပ)

စက်တင်ဘာ ၁၆ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်မြောက်ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးကာကွယ်ရေး အထူး စီမံချက်အနေဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ ပိုးလောက်လမ်းနှိမ်နင်းရေးကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် လူမှုရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ကြစဉ်။

(က-ပ)

မူးယစ်ကင်းစင် သစ်လွင်လှပ အနာဂတ် နယ်စပ်ဒေသ

မြင့်စိုး(နတလ)

(၁)

ငယ်စဉ်က ရှမ်းပြည်နယ်အတွင်း လှည့်လည်သွားလာ တာဝန်ထမ်းဆောင်ရာမှ ဘိန်းခင်းများကို စတင်မြင်ခဲ့ဖူးသည်။ ဘိန်းစိုက်တောင်သူတို့၏ အလေ့အထနှင့် လူမှုဘဝများကို စေ့ငုလေ့လာခွင့်ရခဲ့သည်။ ရှမ်းရွာများတွင် ငါးရက်တစ်ဈေး ဈေးနေ့များ၌ ရောင်းနေကြသော ဘိန်းစိမ်းများကို စ၍မြင်ခဲ့ဖူးသည်။ စီးပွားဖြစ် တောင်ပုံရာပုံ ရောင်းနေကြခြင်းမျိုးမဟုတ်။ ဘိန်းရောင်းရငွေနှင့် အပြန်မှာ ဆန်ဝယ်သွားမည်။ ဆီဝယ်သွားမည်။ လိုအပ်တာလေးတွေ ဖလှယ်သွားတတ်ကြသည်။ ဘိန်းစိုက်ရာသီတွင် လူမနီးသူမနီး တောင်ထွတ်တောင်များ၊ လျှိုမြောင်များအကြား၌ ဘိန်းစိုက်နေကြသည့် တောင်သူများကို တွေ့ရတတ်သည်။ သူတို့ ဘာကြောင့် ဘိန်းစိုက်ကြသနည်း။ အခြားရည်ရွယ်ချက်မရှိ။ ထမင်းစားဖို့ စိုက်ကြခြင်းဖြစ်သည်။ ၎င်းတို့စိုက်သောဘိန်းမှ ဘိန်းဖြူဖြစ်သွားမည်။ ဘိန်းဖြူသည် ကမ္ဘာ့လူသားအားလုံး၏ ရန်စွယ်စသည်ဖြင့် ကမ္ဘာနှင့်ချီ၍ သူတို့မသိပါ။ ကမ္ဘာနှင့်ချီလျက် သိသူ၊ ဖြန့်ဖြူးခဲ့သူများမှာ ကိုလိုနီနယ်ချဲ့များဖြစ်သည်။ ကျွန်သက်ရှည်စေရန် ရည်ရွယ်လျက် ဘိန်းစိုက်ပျိုး ရောင်းဝယ်မှုကို အစီအစဉ်ရှိရှိ ဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့တို့၏ သရုပ်သကန်အတိုင်း ဆက်လက်ဖြန့်ဖြူးသူများမှာ ၁၉၄၉ ခုနှစ်၌ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာကြသည့် တရုတ်ဖြူ ကူမင်တန်များ ဖြစ်ကြသည်။

ထို့အတူ အရှေ့မြောက်စစ်ဒေသသို့ ဗကပများ ဝင်ရောက်ခြေကုပ်ယူကြီးစိုးခဲ့သော အချိန်ကာလ၌လည်း ဘိန်းသည် ၎င်းတို့၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်ခဲ့သည်။ ဗကပသြဇာခံ သောင်းကျန်းသူအဖွဲ့အစည်းများကလည်း ၎င်းတို့နယ်မြေအသီးသီး၌ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုကြီးထွားအောင် လုပ်ဆောင်ခဲ့ကြသည်။ ဒေသခံလူထုသည် ၎င်းတို့အတွက် ဘိန်းစိုက်ခဲ့ရသည်။ ဘိန်းနွံအတွင်း ဆက်လက်နစ်မွန်းခံကြရသည်။ တပ်မတော်သည် ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်း စစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေးနှင့် အောင်မိုးဟိန်းစစ်ဆင်ရေးများဖြင့် ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ ဘိန်းချက်စခန်းများ ရှင်းလင်းခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ခဲ့ကြသည်။ အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရသည်။

(၂)

၁၉၉၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် MTAအဖွဲ့ကြီး အကြွင်းမဲ့ လက်နက်ချခဲ့ပြီး မူးယစ်ဆေးဝါး လုပ်ငန်းများကိုလည်း အပြီးအပိုင် စွန့်လွှတ်ခဲ့ကြသည်။

၁၉၉၇ ခုနှစ် ဧပြီလ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) နယ်မြေတစ်ခုလုံး မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ပပျောက်သည့်ဒေသ (Opium Free Zone)အဖြစ် ကမ္ဘာသိ ကြေညာခဲ့သည်။ ယင်းဒေသတွင် ဘိန်းပပျောက်ရေးအတွက် ၁၉၉၁ ခုနှစ်မှစတင်၍ ခြောက်နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ၌ တရားမဝင် ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ ခုနှစ်၌ စတင်ရပ်ဆိုင်းခဲ့ပြီး အစားထိုး ဝင်ငွေရရှိရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အလားတူ "ဝ" ဒေသတွင်လည်း ၂၀၀၅ ခုနှစ်၌ တရားမဝင် ဘိန်းစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းပြီး ဘိန်းကင်းမဲ့ဒေသဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို သတ်မှတ်အကောင်အထည်ဖော်လျက်ရှိရာ ယင်းစီမံကိန်းကြောင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ် နယ်စပ်ဒေသများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်း ပပျောက်စေမည်ဖြစ်သည်။ အလားတူ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးအတွက် ရှေ့ပြေးစီမံချက်ဖြစ်သော ပန်းတိုင်သစ် စီမံကိန်းကို ၂၀၀၂ ခုနှစ် ဧပြီလ၌ စတင်အကောင်အထည်ဖော်ခဲ့ရာ စီမံကိန်းဝင် ပြည်နယ်ဒေသငါးခုအတွင်း တာဝန်ရှိသူများက ပညာပေးဆွေးနွေးခြင်း၊ ဘိန်းအစားထိုးသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဖြူးပေးခြင်း၊ ဒေသနှင့်ကိုက်ညီသော မျိုးတိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ ဘိန်းမစိုက်တောင်သူများအတွက် ဆန်၊ ဆား၊ ရိက္ခာများ ဖြန့်ဖြူးပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ပန်းတိုင်သစ်စီမံကိန်း၏ အောင်မြင်မှုကြောင့် ဒေသခံ ဘိန်းစိုက်တောင်သူများသည် စိုက်ပျိုးရန် စုဆောင်းထားရှိသော ဘိန်းမျိုးစေ့များ၊ ဘိန်းသီးခြောက်များအား ဒေသအာဏာပိုင်များထံ ၎င်းတို့အသိစိတ်ဓာတ်ဖြင့် လာရောက်အပ်နှံကြသည်။ ထိုကဲ့သို့ အပ်နှံလာသော ဘိန်းမျိုးစေ့၊ ဘိန်းသီးခြောက်များအား မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားများကို သက်ဆိုင်ရာ နယ်မြေအလိုက် ကျင်းပခဲ့ကြသည်။

(၃)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၁၉၉၃ ခုနှစ်၌ ပြဋ္ဌာန်းခဲ့ရာ အဓိကရည်မှန်းချက် (၅)ရပ်ထဲတွင် **"နယ်စပ်ဒေသများ၌ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဟူသော ရည်မှန်းချက် တာဝန်အား အတိအလင်း ထည့်သွင်းဖော်ပြထားပြီးဖြစ်သည်။ တစ်နည်းဆိုရသော် ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးဖြစ်သော မူးယစ်ဆေးဝါးပြဿနာအား နယ်စပ်ဒေသများ၌ အပြီးအပိုင် ချုပ်ငြိမ်းသွားရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်ပင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်စပ်ဒေသများသည် ပထဝီအနေအထားအရလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ထို့ပြင် နှစ်ပေါင်း ၄၀ ကျော် ကြုံတွေ့ခံစားခဲ့ကြရသည့် ပြည်တွင်းသောင်းကျန်းမှုကလည်း နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျရသည့် အချိန်ကာလနှင့် ပမာဏကို ပိုမိုကြီးမား ကျယ်ပြန့်စေခဲ့သည်။ သည့်အတွက်ကြောင့်လည်း တပ်မတော်အစိုးရ စတင်တာဝန်ယူစဉ်ကာလကပင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းတည်ဆောက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သော "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ"ကို ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့၌ဖွဲ့စည်း၍ မူဝါဒများ ချမှတ်လမ်းညွှန်ကာ စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သည်။ ဗဟိုကော်မတီက ချမှတ်ပေးသော မူဝါဒများကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ၁၁ ခု၊ ဆပ်ကော်မတီ ၁၈ ခုတို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကိုပါ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၁၉၈၉ ခုနှစ်မှ ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၈၄၇၅၀ ကျော် ကျခံသုံးစွဲခဲ့ပြီး သုံးစွဲငွေပမာဏ၏ ၇၉ ဒသမ ၅ ရာခိုင်နှုန်းကို ဘိန်းပပျောက်မှု မရှိသေးသည့် ဒေသများတွင် သုံးစွဲခဲ့ခြင်းဖြစ်သည်။ နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝ မြင့်မားလာပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးကို များစွာအထောက်အကူပြုခဲ့သည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လမ်း၊ တံတား လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်အထိ နယ်စပ်ဒေသအသီးသီးတွင် မြေလမ်း မိုင် ၃၃၆၀၊ ကျောက်ခင်းလမ်း ၂၁၆၆မိုင်၊ ကတ္တရာလမ်း ၃၈၅ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၃၃၉၆ မိုင် ဖောက်လုပ်ပေးခဲ့ပြီး တံတားကြီး ၇၀၊ တံတားငယ် ၉၇၅စင်း၊ ကြိုးတံတား ၃၉စင်း တည်ဆောက်ပေးပြီးဖြစ်သည်။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ယခင့်ယခင်က ဘိန်းစိုက်မှ ထမင်းစားရမည် ဟူသောအသိဖြင့် ကလေးများကို ဘိန်းခင်းများဆီသို့ ခေါ်သွားကြသော မိဘများကိုယ်တိုင် မိမိတို့၏ သားသမီးငယ်များကို စာသင်ခန်းများဆီသို့ ပို့လာကြသည်။ ၁၉၈၈ ခုနှစ်တွင် နယ်စပ်ဒေသ ကျောင်းသားဦးရေသည် ၁၀၀၀ ကျော်ရုံမျှသာရှိခဲ့ရာမှ ယခုအခါ ၁၇၀၉၂၀ အထိ တိုးတက်လာကြောင်း တွေ့ရသည်။ နယ်စပ်ဒေသအသီးသီး၌ နှစ်၃၀ ပညာရေး နှစ်ရှည်စီမံကိန်းနှင့်အညီ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ အမက ၈၅၂ကျောင်း၊အလက ၉၀၊ အထက ၉၂ ကျောင်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

ရှေးယခင်က နယ်စပ်ဒေသများတွင် ဘိန်းကို ၉၆ပါး ရောဂါပျောက်ဆေးသဖွယ် လွဲမှားစွာ အသုံးပြုခဲ့ကြသည်။ နတ်ကိုး၊ စုန်းယိုး အယူအဆများလည်း တွင်ကျယ်ခဲ့၏။ နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသား သွေးချင်းများအပေါ် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၄၀ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ အခြားသောကဏ္ဍများ ဖြစ်သည့် ဆက်သွယ်ရေးကဏ္ဍတွင် ကြေးနန်းရုံး ၅၁ ရုံး၊ စာပို့တိုက် ၅၂ ခု၊ တယ်လီဖုန်းလုပ်ငန်း ၈၅ ခု၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကဏ္ဍတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၁၁ ရုံဖွင့်လှစ်ပေးခဲ့သည့်အပြင် မီးစက် ၂၆၂ လုံးဖြင့် မြို့၊ ရွာပေါင်း ၁၉၆ ခုကို မီးလင်းစေခဲ့သည်။

နယ်စပ်ဒေသများ၏ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ ထွန်စက်စခန်း ၁၁ ခု၊ တိရိစ္ဆာန်ဆေးကုရုံး ၄၁ ရုံး ဖွင့်လှစ်ထားပြီး ဖြစ်သည်။ နယ်စပ်ဒေသများတွင် ဒေသဝမ်းစာဖူလုံရေးအတွက် စပါး၊ ပြောင်း၊ ဂျုံနှင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသကဲ့သို့ ရေရှည်အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေးအတွက် နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများကို စိုက်ပျိုးလျက်ရှိကြသည်။ ဒေသခံတိုင်းရင်းသားများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆန်း၊ မိုင်းမော၊ နမ့်တစ်ဒေသများ၌ ရော်ဘာစိုက်ခင်းကြီးများ ဖြစ်ထွန်းနေသကဲ့သို့ ရော်ဘာအချောထည်စက်ရုံများ တည်ဆောက်ထုတ်လုပ်လျက်ရှိကြသည်။ မိုင်းမောဒေသထွက်ကုန် ဂူလုံတီးလက်ဖက်ခြောက်သည် နိုင်ငံခြားဈေးကွက်ကို ထိုးဖောက်လျက်ရှိသည်။ ကိုးကန့်ဒေသမှ ဘိန်းအစားထိုးသီးနှံ ကြံစိုက်ခင်းများ၊ ဝမ်ဟုန်၊ နမ့်တစ်၊ ဆီလူး၊ မိုင်းမဒေသတို့တွင် သရက်၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီးစိုက်ခင်းများ စီးပွားဖြစ်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြသည်။ သံလွင်(အရှေ့ခြမ်း)ရှိ ကိုးကန့်ဒေသ၊ "ဝ" ဒေသ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသများတွင် ဒေသခံတိုင်းရင်းသားများ၏ အစီအစဉ်ဖြင့် ရော်ဘာဧက ၂၀၀၀၀ ကျော်၊ လိမ္မော်၊ လက်ဖက်၊ လိုက်ချီး၊ နှင်းသီး၊ သရက်ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖြစ်ထွန်းနေခြင်းသည် ထိုဒေသများ၏ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အရှည်တည်တံ့မည့် နိမိတ်ပုံများပင် မဟုတ်ပါလား။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ယခင့်ယခင်က ဘိန်းစိုက်မှ ထမင်းစားရမည် ဟူသောအသိဖြင့် ကလေးများကို ဘိန်းခင်းများဆီသို့ ခေါ်သွားကြသော မိဘများကိုယ်တိုင် မိမိတို့၏ သားသမီးငယ် များကို စာသင်ခန်းများဆီသို့ ပို့လာကြသည်။ ၁၉၈၈ ခုနှစ်တွင် နယ်စပ်ဒေသ ကျောင်းသားဦးရေသည် ၁၀၀၀ ကျော်ရုံမျှသာရှိခဲ့ရာမှ ယခုအခါ ၁၇၀၉၂၀ အထိ တိုးတက်လာကြောင်း တွေ့ရသည်။ နယ်စပ်ဒေသအသီးသီး၌ နှစ် ၃၀ပညာရေး နှစ်ရှည်စီမံကိန်းနှင့်အညီ ကျောင်းများတိုးချဲ့ဖွင့်လှစ်ခဲ့ရာ အမက ၈၅၂ ကျောင်း၊ အလက ၉၀၊ အထက ၉၂ ကျောင်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

(၄)

* **နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများ၌ မည်သည့်ခေတ်အခါကနှင့်မျှ မတူသော တည်ငြိမ်အေးချမ်းမှုကို ရရှိခံစားစေခဲ့သည်။**
* **တည်ငြိမ်အေးချမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် နယ်စပ်ဒေသနေ တိုင်းရင်းသားသွေးချင်းများ၏ လူမှုစီးပွားဘဝကို မြင့်မားတိုးတက်စေခဲ့သည်။**
* **နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်မှ လေ့ကျင့်ပျိုးထောင် ပေးလျက်ရှိသည်။ တိုင်းရင်းသားလူငယ်များအနေဖြင့် အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သူများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနေခြင်းလည်း ဖြစ်၏။**

ဤအကြောင်းတရားများကြောင့် တည်ငြိမ်အေးချမ်းသော လူ့စွမ်းအားအရင်းအမြစ်များ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာသော၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာသော ယနေ့နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိကြသည့် သွေးချင်းများအနေဖြင့် ဘိန်းစိုက်ပျိုးခြင်းသည် သမ္မာအာဇီဝ အလုပ်မဟုတ်ဘဲ လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးစေမည့် ကမ္ဘာ့လူသားအားလုံး၏ ဘုံရန်သူအဖြစ် ရှုမြင်၍ ဝိုင်းဝန်းလက်တွဲတိုက်ဖျက်နေကြပြီဖြစ်သည်။ သို့ဖြစ်၍ အနာဂတ်နယ်စပ်ဒေသများသည် မူးယစ်ဆေးဝါး ကင်းစင်ပြီး ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တို့ဖြင့် ထာဝစဉ် သစ်လွင်လှပနေမည်သာ။ ။

လက်ဘနွန်တောင်ပိုင်း၌ စစ်ပွဲအတွင်းချထားခဲ့သည့်ဗုံးတွဲများကိစ္စ လက်ခံနိုင်ဖွယ်မရှိဟု ကုလသမဂ္ဂနိုင်ငံရေးမှူး ပြောကြား

ဘေရွတ် စက်တင်ဘာ ၂၂

အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားများ လက်ဘနွန် တောင်ပိုင်းဒေသတွင် စစ်ဖြစ်ပွားစဉ်က မပေါက်ကွဲသေးသည့် ဗုံးတွဲများ ၂၅၀၀၀၀ ထက်မနည်း ချထားခဲ့ရာ စစ်ပွဲ ပြီးဆုံးသွားသည့်တိုင် ယင်းဗုံးတွဲများက အရပ်သားများအတွက် သေစေလောက်သည့် အန္တရာယ်တစ်ရပ်အဖြစ် အမွေပေးခဲ့သလို ဖြစ်နေကြောင်း ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ချထား

အစ္စရေး-ဟစ်ဇ်ဘိုလာ ၃၄ရက်ကြာ စစ်ပွဲပြီးခါနီး သုံးရက်လေးရက်အလိုတွင် အဆိုပါဗုံးများ ချထားခဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ရပ်မှာ လက်ခံနိုင်စရာ မရှိဟု လက်ဘနွန်ဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးဖြစ်သူ ဒေးဗစ်ရှီးယားက ဘေရွတ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အပစ်အခတ်ရပ်စဲ

ယင်းဗုံးများချသည့် အချိန်သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ အပစ်အခတ်ရပ်စဲပြီး ချိန်ဖြစ်နေ၍ လက်ခံနိုင်စရာ မရှိသည့် ပြဿနာဖြစ်သည်ဟု ၎င်းကဆက်လက် ပြောကြားသည်။

ရပ်ဆိုင်းသွား

ဩဂုတ်လ ၁၁ ရက်တွင် ချမှတ်ခဲ့သည့်ကုလသမဂ္ဂဆုံးဖြတ်ချက်အရ ၃၄ ရက်ကြာ တိုက်ခိုက်မှု ရပ်ဆိုင်းသွားခဲ့သည်။

အသုံးမပြု

အစ္စရေးတပ်ဖွဲ့က ဖော်ပြပါ ဗုံးတွဲများ အသုံးမပြုဟု ငြင်းဆိုထားသည်။

အစီရင်ခံစာ

မပေါက်ကွဲသေးသည့် ဗုံးတွဲများ ကိစ္စကိုအစ္စရေးတပ်ဖွဲ့ဝင်များ၏အစီရင်ခံစာအပေါ်အခြေပြု၍ ဖော်ပြခြင်း ဖြစ်သည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂွာမနီနိုင်ငံ အနောက်မြောက်ပိုင်းတွင် စမ်းသပ်ပြေးဆွဲနေသော သံလိုက်ရထားတစ်စင်းအား အခြားရထားတစ်စင်းနှင့်တိုက်မိပြီးနောက် ပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ စီကျန်ပြည်နယ်တွင် ဆောမိုင်မုန်တိုင်း တိုက်ခတ်သဖြင့် ရေကြီးမှုဖြစ်ပွားနေသည်ကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ စိုက်ခင်းများအတွင်းသို့ ဝင်ရောက်လာသော တောဆင်ရိုင်းအချို့ကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် ဘဏ်ဥက္ကဋ္ဌဟောင်းကို ခန့်အပ်ဖွယ်ရှိ

ဗန်ကောက် စက်တင်ဘာ ၂၃

ထိုင်းနိုင်ငံ၏ အိမ်စောင့်အစိုးရအကြီးအကဲ ဝန်ကြီးချုပ်တာဝန်ကို ဗဟိုဘဏ်အကြီးအကဲဟောင်းအား တာဝန်ပေးအပ်ဖွယ်ရာရှိသည်ဆိုသောသတင်းကို စနေနေ့ထုတ် ဗန်ကောက်ပို့စ်သတင်းစာ၌ ရေးသား ဖော်ပြသည်။

ဗဟိုဘဏ် အကြီးအကဲဟောင်းမှာ ချာတူမွန်ဂိုလ်ဆွန်နာကူးလ်ဖြစ်သည်။ ၎င်းသည် ဘဏ္ဍာရေးနှင့်ငွေကြေးလုပ်ငန်းကျွမ်းကျင်သူဖြစ်ပြီး ကမ္ဘာတွင်လည်း လူသိများသူ တစ်ဦးဖြစ်သည်။ ထို့အပြင် ၎င်းမှာ တာဝန်နှင့် သင့်တော်သော အရည်အချင်းရှိသူဖြစ်၍ ဝန်ကြီးချုပ်ဖြစ်ထိုက်သည်ဆိုသော ထင်ကြေးကို အထက်တန်းအသိုင်းအဝိုင်းများထံမှ သိရှိရသည်ဟု ဗန်ကောက်ပို့စ် သတင်းစာက ရေးသားသည်။

ချာတူမွန်ဂိုလ်သည် ဗြိတိန်တွင် ပညာဆည်းပူးခဲ့သူ ပညာရှင် တစ်ဦးလည်းဖြစ်သည်။ ၎င်းသည် ၁၉၉၈ ခုနှစ်မှ ၂၀၀၁ခုနှစ် အချိန်အထိ ထိုင်းဗဟိုဘဏ်ကို တာဝန်ယူခဲ့သည်။ နောက်ပိုင်း အတိုးနှုန်းမူဝါဒနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်းသက်ဆင်နှင့် အငြင်းပွားပြီးနောက် ရာထူးမှအနားပေးခံခဲ့ရသူဖြစ်သည်။

ထိုင်းအာဏာသိမ်းတပ်ဖွဲ့ကအချိန်သီတင်းနှစ်ပတ် ကြာပြီးနောက်တွင် ဝန်ကြီးချုပ်အသစ်သို့ အာဏာလွှဲပြောင်းပေးမည်ဟု ကြေညာထားသည်။

ဝန်ကြီးချုပ်အဖြစ် စဉ်းစားခံရမည့်သူများတွင် အုပ်ချုပ်ရေးဗဟိုတရားရုံးမှ ဥက္ကဋ္ဌဖြစ်သူ အက္ကရာသွန်ချူလာရတ်လည်း ပါဝင်သည်ဟု ထိုင်းအာဏာသိမ်းတပ်ဖွဲ့ အဖွဲ့ဝင် လေတပ်မတော် စစ်ဦးစီးချုပ် ချာလ်ပူဖာဆွတ်က အတည်ပြုပြောကြားခဲ့သည်။

အင်တာနက်။

ကြေးမုံ နိုင်ငံတကာသတင်းများ

ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းကျရောက် စက်လှေ ၁၀၀ကျော် နစ်မြုပ်၊ ၃၀သေဆုံးဖွယ်ရှိ

ဒါကာ စက်တင်ဘာ ၂၁

ဘင်္ဂလားပင်လယ်အော်တွင် စက်တင်ဘာ ၁၉ ရက် ညနေက ရုတ်တရက် မုန်တိုင်းကျရောက်ခဲ့စဉ်အတွင်း ငါးဖမ်းစက်လှေ ၁၀၀ ကျော် နစ်မြုပ်ခဲ့ရာ ရေလုပ်သား ၃၀၀ ထက်မနည်း ပျောက်ဆုံးပြီး ရေလုပ်သား ၃၀ သေဆုံးဖွယ်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် ယူအင်ဘီသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်အတွင်း ရေလုပ်သား ၃၀ ထက်မနည်း သေဆုံးခဲ့သည်ဟု ရေလုပ်ငန်းဆိုင်ရာများက ယူဆကြသည်။ သစ်တောဌာနမှ ဝန်ထမ်းများက ဆန်ဒါဘန်ဒေသမှ ရေလုပ်သား ၁၀ဦးကို ကယ်တင်ခဲ့ကြသည်။

ပျောက်ဆုံးနေသည့် ရေလုပ်သားများရှာဖွေနိုင်ရန်အတွက် ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ရေတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ ဘင်္ဂလားပင်လယ်အော်တွင် ရာသီဥတုဆိုးရွားနေသည့်အခြေအနေကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ အဟန့်အတားများ ကြုံတွေ့နေလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကာဇက်စတန်၌ မိုင်းတွင်းပေါက်ကွဲ မိုင်းလုပ်သား ၄၃ ဦး သေဆုံး

အယ်လ်မာတာ စက်တင်ဘာ ၂၁

ကာဇက်စတန်နိုင်ငံ အလယ်ပိုင်း ကာရာဂန်ဒါမြို့ရှိ လီနင်မိုင်းတွင်းတွင် ဗုဒ္ဓဟူးနေ့ စောစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ၄၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အင်တာဖက်သတင်းဌာနက ဖော်ပြသည်။

အဆိုပါမိုင်းတွင်း၏ မြေအောက်မီတာ ၅၀၀ အနက်ရှိ နေရာ၌ မီးလောင်ခဲ့သဖြင့် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အရေးပေါ်အခြေအနေ လုပ်ငန်းများဌာနက ပြောကြားသည်။

အလောင်း ၁၉ လောင်းကို တွေ့ရှိထားပြီး အခြားမိုင်းတူးသူ ၃၂၄ ဦးမှာ အသက်သေဆုံးခြင်းမရှိဟု ဖော်ပြပါဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယင်းကိစ္စကို စုံစမ်းစစ်ဆေးရန်အတွက် ကာရာဂန်ဒါအရေးပေါ် အခြေအနေဌာနက အထူးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားသည်။ အဆိုပါမိုင်းတွင်းကို မစ်တယ်သံမဏိကုမ္ပဏီက ပိုင်ဆိုင်သည်။***အမ်အင်အေ၊ ဆင်ဟွာ။***

ဂျပန် တောင်ပိုင်းတွင် ရှန်ရှန်တိုက်ဖုန်း မုန်တိုင်းတိုက်ခတ်

တိုကျို စက်တင်ဘာ ၂၁

အင်အားပြင်းထန်သော ရှန်ရှန်တိုက်ဖုန်း မုန်တိုင်းသည် စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက ဂျပန်နိုင်ငံတောင်ပိုင်း ကျူးရှူးနှင့် ချူဂိုကူဒေသများသို့ ဖြတ်သန်းဝင်ရောက်လာပြီးနောက် စက်တင်ဘာ ၂၀ ရက် အစောပိုင်းတွင် ဟိုကိုင်းဒိုးကျွန်းမြောက်ဖျားကုန်းတွင်းပိုင်းသို့ ဆက်လက်တိုက်ခတ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၆နာရီခန့်တွင် ဟိုကိုင်းဒိုးကျွန်းကုန်းတွင်းပိုင်းသို့ မုန်တိုင်းဝင်ရောက်လာရာ တစ်နာရီလျှင် ကီလိုမီတာ ၃၀နှုန်းဖြင့် အရှေ့ဘက်သို့ ဦးတည်ရွေ့သွားပြီး ထိုနေ့မှာပင် အိုစ်ဟော့စ်ပင်လယ်သို့ ရောက်ရှိပြီးနောက် မုန်တိုင်း အားပျော့သွားမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းသည်။ ဒေသစံတော်ချိန် ၆နာရီက ဟိုကိုင်းဒိုးကျွန်း ရူမွိုင်ဒေသတောင်ဘက် ကီလိုမီတာ ၃၀ခန့်တွင် မုန်တိုင်းဖြစ်ပေါ်ပြီး လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် ၈၃ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်သွားကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ၊

မှုးယစ်မှောင်ခိုသူများ ဩစတြေးလျ၌ အဖမ်းခံရ

ကင်ဘာရာ စက်တင်ဘာ ၂၁

ဩစတြေးလျဒေါ်လာ ၃၅ သန်းဖိုးရှိ ကိုကင်းမူးယစ်ဆေးများကို ကွန်ပျူတာအတွင်းထည့်၍ မှောင်ခိုသယ်ယူရန် ကြံစည်မှုနှင့်စပ်လျဉ်း၍ ကနေဒါနိုင်ငံသား ငါးဦးကို ဖမ်းဆီးထားကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ယခုအမှုသည် ဩစတြေးလျမြေပေါ်၌ ဖမ်းဆီးရမိသည့် ပဥ္စမအကြီးဆုံး မူးယစ်ဆေးဝါးမှုဖြစ်သည်ဟု ယူဆရကြောင်း သတင်းကဆိုသည်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးအလေးချိန်ပမာဏမှာ ၂၉၇ ပေါင် သို့မဟုတ် ၁၃၅ ကီလိုဂရမ်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

❁ မြန်မာတို့၏မှ

ရေကူးညာတင်
ကောက်ပင်ရိတ်လှီး
ရေစီးဖောင်ဆန်
အိုးတန်ဆန်ခပ်
ဆီပွတ်ကျည်ပွေ့
ဆင်ဖော့ရန်ရှောင်
တောင်သူယာခုတ်
ကြက်ဆုတ်ခွပ်ပစ်
ရေစစ်သည့်အင်
ခက်တင်မောင်းနှင်း

အခြင်းဆယ်ပါး၊ ဤစကားကို၊ မှတ်သားဝမ်းတွင်းလေ့စေမင်း။

ရေကူးညာတင် စကားပြောနည်း

မြစ်တစ်ဖက်မှ လိုရာဘက်ကမ်းသို့ကူးလိုလျှင် မြစ်ညာမှစတင်၍ ကူးမှ လိုရာသို့ရောက်သကဲ့သို့ မိမိအလိုရှိရာသို့ ရောက်အောင် အထက်က တင်ကူးပြောဆိုခြင်းသည် “ရေကူးညာတင်” ပြောနည်းမည်၏။

ရေကူးညာတင်ပြောနည်းဖြင့် ပြောဆိုခဲ့သည့် ပုံပြင်ထုံးတစ်ခုကို သာဓကပြ၍ပြောဆိုရပါလျှင် တစ်ခါက သူဌေးသားတစ်ဦးသည် ဝမ်းတွင်းအူတွင် အူထုံးဖွဲ့နေရာ သမားတော်ဇီဝကသည် ရက်သတ္တ တစ်ပတ်မျှကုသလျှင် ပျောက်နိုင်မည်ဟု ရည်ရွယ်သိရှိသော်လည်း သူဌေးသားကြောက်ရွံ့ငြင်းဆန်မည်ဖြစ်၍ ကုသရန်မလွယ်ကြောင်း ဥပါယ်တံမျဉ်ဖြင့် ခုနစ်လ အိပ်သော်မှ ကုသနိုင်မည်ဟု ပြောဆိုခဲ့ပြီးနောက် အလီလီနှိမ့်ချ၍ ငါးလ၊ သုံးလ၊ တစ်လအချိန်အိပ်ရမည်ဟု အချိန်တောင်းဆိုခဲ့သည်။ နောက်ဆုံး အမှန်တကယ်အချိန်ကုန်မည့် ရက်သတ္တတစ်ပတ်ကို အိပ်ရာထဲတွင်နေပါမည်ဟု သူဌေးသားက သဘောတူလိုက်လျှောခဲ့ရာ ခုနစ်ရက်အိပ်ပျော်စေပြီး ထုံးနေသော အူအား လွယ်ကူစွာဖြေရှင်းကာ မူလအတိုင်းသွတ်သွင်း၍ ခွဲစိတ်မှုအရာ ပြီးမြောက်စေခဲ့ပါသည်။ ဤကဲ့သို့ မိမိလိုရာနောက်ဆုံးရောက်အောင် ကြိုတင်၍ အလီလီပြောဆိုခြင်းကို “ရေကူးညာတင်”စကားပြောနည်းဟု ခေါ်ဆို မှတ်သားကြပါသည်။ (သာသနာရေး)

(စကားပြောနည်းဆက်လက်ဖော်ပြပါမည်။)

(၁၄)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးအစည်းအဝေးကျင်းပ
မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးဦးဉာဏ်ဝင်း မိန့်ခွန်းပြောကြား

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော အဖွဲ့ဝင်ငါးဦးတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးဘားနိုင်ငံ၌ကျင်းပသော (၁၄)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် စက်တင်ဘာ ၁၂ ရက်တွင် ဟာဗားနားမြို့သို့ ရောက်ရှိကြသည်။

ကျူးဘားနိုင်ငံတွင် ကျင်းပသော (၁၄)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ထိပ်သီးအစည်းအဝေးတွင် စက်တင်ဘာ ၁၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မိန့်ခွန်းပြောကြားစဉ်။ (နိုင်ငံခြားရေး)

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် ဟာဗားနားမြို့ရှိ အပြည်ပြည်ဆိုင်ရာ ညီလာခံခန်းမ၌ ကျင်းပသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး စက်တင်ဘာ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင်ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ထိပ်သီးအစည်းအဝေးအပြီး၌ ထုတ်ပြန်မည့် မျက်မှောက်နိုင်ငံတကာအခြေအနေတွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အခြေခံမူများနှင့် အခန်းကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့အတွင်း ဆောင်ရွက်ရန် လုပ်နည်းလုပ်ဟန်နှင့် လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်၍လည်းကောင်း အဖွဲ့ဝင်နိုင်ငံအသီးသီးတို့က အချေအတင်ဆွေးနွေးကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၅ရက်တွင်ကျင်းပသော (၁၄)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားနှင့် စက်တင်ဘာ၁၅ရက်မှ၁၆ရက်ညပိုင်းအထိ ကျင်းပသော ထိပ်သီးအစည်းအဝေးတွင် ပါဝင်တက်ရောက်ခဲ့သည်။

ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်သစ် နှစ်နိုင်ငံအဖြစ် ဟေတီနှင့် စိန့်ကစ်(တ်)နဲ့ဗီစ်နိုင်ငံတို့ကို ဝင်ရောက်ခွင့်ပြုခဲ့ရာ စုစုပေါင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် ၁၁၈ နိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများတို့အပြင် လေ့လာသူနိုင်ငံ၊ အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျူးဘားခေတ္တသမ္မတဖြစ်သူ ရောင်းလ်ကက်စထရိုက ထိပ်သီးညီလာခံ သဘာပတိအဖြစ် ဆောင်ရွက်သည်။

ယင်းအခမ်းအနားသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်လည်း ပါဝင်တက်ရောက်ကာ မိန့်ခွန်းပြောကြားခဲ့သည်။

ဝန်ကြီးသည် စက်တင်ဘာ ၁၆ရက် ညနေပိုင်းတွင် ထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြားခဲ့သည်။ ထိပ်သီးအစည်းအဝေးအပြီးတွင် (၁၄)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ထိပ်သီးအစည်းအဝေးဆိုင်ရာ ထုတ်ပြန်ကြေညာချက် (Final Document)၊ မျက်မှောက်ခေတ် နိုင်ငံတကာ အခြေအနေတွင်ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ရည်မှန်းချက်၊ မူဝါဒနှင့် အခန်းကဏ္ဍ (Declaration on Purposes and Principles and the Role of the Non-Aligned Movement in the present international juncture)၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ အတွင်းဆောင်ရွက်မည့် လုပ်နည်းလုပ်ဟန်နှင့် လုပ်ထုံးလုပ်နည်း (Document on the Methodology of the Non-Aligned Movement)၊ ပါလက်စတိုင်းဆိုင်ရာ ထုတ်ပြန်ကြေညာချက် (Declaration on Palestine)၊ အီရန်၏ နျူကလီးယားကိစ္စနှင့်ပတ်သက်၍ ထုတ်ပြန်ချက် (Statement on the Islamic Republic of Iran's Nuclear Issue) တို့ကို ထုတ်ပြန်ခဲ့သည်။

ဝန်ကြီးသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ် ကာလအတွင်း ကျူးဘားနိုင်ငံအုပ်ချုပ်မှုကောင်စီ အစိုးရအဖွဲ့ဝင်ဝန်ကြီး Mr. Ricardo Cabrisas Ruiz နှင့်လည်းကောင်း၊ နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်လည်းကောင်း၊ ဗင်နီဇွဲလားနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာရေးရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်ရန် စက်တင်ဘာ ၁၈ရက်တွင် နယူးယောက်မြို့သို့ ဆက်လက်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ဥရောပ ပညာရှင် လေ့လာရေးအဖွဲ့ဝင်များ သံလွင်တံတား (မော်လမြိုင်)ကို စီမံကိန်းလုပ်ငန်းခွင်ရုံးပေါ်မှ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဥရောပပညာရှင်များ လေ့လာရေးအဖွဲ့
မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာ

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် Workshop on Challenges and Prospects for the Future of ASEAN-EU Relations မဟာဗျူဟာလေ့လာရေးအလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့၌ ရောက်ရှိနေကြသော ဥရောပပညာရှင် ကိုယ်စားလှယ် သံအမတ်ကြီး Dr. Christian Hauswedell နှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန အတွင်းရေးမှူး သံအမတ်ကြီး ဦးညွှန့်တင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်းတို့လိုက်ပါလျက် စက်တင်ဘာ ၂၁ရက် နှင့် ၂၂ရက်တို့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှေးဦးစွာ ဥရောပ ပညာရှင်များ လေ့လာရေးအဖွဲ့သည် စက်တင်ဘာ ၂၁ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြ၍ လမ်းတစ်လျှောက်ရှိ ဒေသဖွံ့ဖြိုးရေး အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး နံနက် ၁၀နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာအနီး၌ တည်ဆောက်နေသော စစ်တောင်းတံတား (မုပ္ပလင်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာဦးကျော်လင်းက ရှင်းလင်း ဆောင်ခန်းမ၌ တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စစ်တောင်းတံတား (မုပ္ပလင်)သည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ဝေါမြို့နယ်တို့ကိုဆက်သွယ်ထားသော တံတားဖြစ်ပြီး တံတားစီမံကိန်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ကာ ယခုအခါ ရာခိုင်နှုန်း ၇၀ ကျော်ပြီးစီးနေပြီးဖြစ်ရာ ၂၀၀၇ ခုနှစ် မတ်လတွင် အပြီးသတ် တည်ဆောက်နိုင်မည်ဟု သိရှိရသည်။

ထို့နောက် ဥရောပ ပညာရှင်များ လေ့လာရေးအဖွဲ့သည် ညနေ ၄နာရီတွင် သံလွင်တံတား (မော်လမြိုင်)သို့ ရောက်ရှိကြရာ တံတားတည်ဆောက်ရေး ရှင်းလင်းခန်းမ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာမှူး ဦးတင့်လွင်(မော်လမြိုင်ဘက်ကမ်း)၊ စီမံကိန်းအင်ဂျင်နီယာမှူး ဦးမျိုးဝင်း (မုတ္တမဘက်ကမ်း) နှင့် မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ) ဦးမြတ်လင်းတို့က တံတားတည်ဆောက်မှု လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဥရောပ ပညာရှင်များ လေ့လာရေးအဖွဲ့သည် မော်လမြိုင်ဘူတာသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် မော်လမြိုင်မြို့ရှိ အတ္တရံဟိုတယ်သို့ ရောက်ရှိကြသည်။

ဥရောပ ပညာရှင်များလေ့လာရေး အဖွဲ့သည် စက်တင်ဘာ ၂၂ရက်တွင် မော်လမြိုင်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၈နာရီတွင် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ် ဘုရားကုန်းသို့ ရောက်ရှိကြ၍ ငြိမ်းချမ်းရေးခန်းမ၌ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဖဒိုဦးအောင်ဆန်းက ဒေသဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်ထားမှုများ၊ နိုင်ငံတော်က ပံ့ပိုးကူညီမှုများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ဧည့်သည်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥရောပ ပညာရှင်များ လေ့လာရေးအဖွဲ့သည် နံနက် ၁၁နာရီတွင် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူ အထူးဒေသသို့ရောက်ရှိကြရာ အထူးဒေသခန်းမ၌ မြိုင်ကြီးငူ အထူးဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်က ဒေသဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်ထားမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးမှုများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ဧည့်သည်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥရောပ ပညာရှင်များ လေ့လာရေးအဖွဲ့သည် မြိုင်ကြီးငူ အထူးဒေသမှ မော်တော်ယာဉ်များဖြင့် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဥရောပပညာရှင် လေ့လာရေးအဖွဲ့ဝင်များအား မြိုင်ကြီးငူအထူးဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ပညာရေးအခြေအနေသည် ပုံသဏ္ဍာန်အားဖြင့်၊ အသွင်သဏ္ဍာန်အားဖြင့် တိုးတက်လာ အနှစ်သာရအပိုင်းတွင်လည်း လိုက်လျောညီထွေစွာ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လို

✻ နိုင်ငံတော်မှ

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်တည်ဆောက်ရာတွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံရာတွင် ပညာရေးသည် အဓိကကျကြောင်း၊ ပညာရေးအဆင့်အတန်း မြင့်မားမှသာ ပြည်သူတို့၏ ဉာဏ်ပညာပိုင်းဆိုင်ရာ စွမ်းရည် (Intellectual Power) ပြည့်ဝမှုရှိလာမည်ဖြစ်ပြီး ဉာဏ်ပညာပြည့်ဝမှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာမှသာ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ပညာရေးအဆင့်အတန်းပြည့်မီမှုမရှိလျှင် တိုင်းပြည်သည်လည်း ဖွံ့ဖြိုးတိုးတက်မှု ရှိလာနိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍကို နှစ်(၃၀)နှစ်ရှည် စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားထားကြောင်း။

စီမံကိန်းများရေးဆွဲ

နိုင်ငံတော်အကြီးအကဲ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ နှစ်(၃၀) နှစ်ရှည်ပညာရေးစီမံကိန်း (၂၀၀၁–၂၀၀၂ မှ ၂၀၃၀–၂၀၃၁)ကို နှစ်တိုငါးနှစ်စီမံကိန်း ခြောက်ခုပိုင်းခြားပြီး ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် ၂၀၀၀–၂၀၀၁မှ ၂၀၀၃–၂၀၀၄ခုနှစ်အထိ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်းကိုပါ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် နှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ ပထမငါးနှစ် စီမံကိန်းအပိုင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ စီမံကိန်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှု၊ တိုးတက်မှုများရှိသကဲ့သို့ တချို့ကိစ္စများတွင် အားနည်းချို့ယွင်းချက်များ ရှိနေသေးသည်ကိုလည်း တွေ့ရှိရကြောင်း။

အောင်မြင်တိုးတက်မှု

အောင်မြင်တိုးတက်မှုအပိုင်းအနေဖြင့် အခြေခံပညာကဏ္ဍကိုကြည့်ပါက ၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်း ၃၃၇၄၇ ကျောင်းရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် မူလတန်း လွန်ကျောင်း ၅၅၄၅ ကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကျောင်းပေါင်း ၆၇၇၈ ကျောင်း တိုးတက်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ဆရာ၊ ဆရာမ ၁၇၃၇၇၂ ဦးရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၂၄၈၀၇၂ ဦး ရှိလာသဖြင့် ၇၄၃၀၀ တိုးတက်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာကျောင်းသူ၊ ကျောင်းသား ၅၂၃၉၈၇၈ ဦးရှိရာမှ ၂၀၀၆ ခုနှစ်တွင် ၇၈၁၉၁၇၆ ဦး ရှိလာသဖြင့် ကျောင်းသူ၊ ကျောင်းသား ၂၅၇၉၂၉၈ ဦး တိုးတက်လာခဲ့ကြောင်း၊ ထို့အပြင် မာလ်တီမီဒီယာ စာသင်ခန်းများ ဖွဲ့စည်းနိုင်သည့် ကျောင်းပေါင်း ၁၆၆၀ ကျောင်း ဖွင့်လှစ်ထားရှိနိုင်ခဲ့ကြောင်း၊ သူငယ်တန်းကျောင်းဝင်နှုန်းသည်လည်း ၁၉၉၉–၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး အခြေခံပညာအဆင့်အလိုက် ကျောင်းနေနှုန်း၊ အဆင့်ပြီးဆုံးနှုန်းနှင့် အဆင့်ကူးပြောင်း သင်ယူမှုနှုန်းများလည်း သိသိသာသာ တိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း။

ပြည်နယ်၊ တိုင်းအလိုက် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းနှင့် နယ်စပ်ဒေသများတွင် “အ”သုံးလုံးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာတတ်မြောက်မှုနှုန်း သည် ၁၉၈၈ခုနှစ်တွင် ၇၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၉၄ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း။

စီမံကိန်းကာလ ငါးနှစ်အတွင်း မူလတန်းကျောင်း ၅၅၉၇ ကျောင်းကို ဥပဓိရုပ်ကောင်းအောင် ပြုပြင်မွမ်းမံနိုင်ခဲ့ပြီး စေတနာရှင်ပြည်သူများ၏ အကူအညီဖြင့် မူလတန်းကျောင်း အတော်များများကိုလည်း အသစ်ဆောက်လုပ်လှူဒါန်းကြသည့်အတွက် ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်လာကြောင်းနှင့် ကျောင်းသုံးပရိဘောဂများလည်း ပိုမိုပြည့်စုံလာကြောင်းကို တွေ့ရကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတိုးတက်မှု

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် အောင်မြင်တိုးတက်မှုများကို ကြည့်ပါက တက္ကသိုလ်၊ ကောလိပ်များအသစ်ဖွင့်ခြင်း၊ အဆင့်မြှင့်ခြင်း၊ သင်ကြားရေးအစီအစဉ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ပါရဂူဘွဲ့အစီအစဉ်များတိုးချဲ့ဖွင့်လှစ်ခြင်း၊ မဟာသုတေသနဘွဲ့များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဒေသ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် သင်ကြားရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ICT Based စီမံခန့်ခွဲမှုကို အသုံးပြုခြင်း၊ အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတစ်ခုကို ထူထောင်ပြီး နိုင်ငံနှင့် ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ခြင်း စသည်တို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

၁၉၈၈ ခုနှစ်တွင် အဆင့်မြင့် ပညာကဏ္ဍ၌ တက္ကသိုလ်၊ ကောလိပ် ၃၂ခု ရှိရာမှ ယခုအခါ ၁၅၆ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် ၁၉၈၈ ခုနှစ်တွင် အဆင့်မြင့်ပညာကဏ္ဍ၌ ဆရာ၊ ဆရာမ ၆၃၀၀ ရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်ဆရာ၊ ဆရာမ ၂၀၂၀၁ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ၁၃၉၀၂၁ဦး တိုးတက်လာခဲ့ကြောင်း၊ တက္ကသိုလ်ကျောင်းသူကျောင်းသားအနေဖြင့်လည်း ၁၉၈၈ ခုနှစ်တွင် ၁၃၈၂၃၆ဦး ရှိခဲ့ရာမှ ယခုအခါ ၇၄၈၈၈၃ဦး ရှိလာပြီ ဖြစ်သည့်အတွက် တက္ကသိုလ်ကျောင်းသူကျောင်းသား ၆၁၀၆၄၇ဦး

ရှင်းလင်းတင်ပြ

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

တိုးတက်လာကြောင်း၊ သင်ကြားအစီအစဉ်များ အနေဖြင့်လည်း ယခင် ၁၀၂ခုသာ ရှိခဲ့ရာမှ ယခုအခါ ၆၀၄ခုအထိ ရှိလာပြီဖြစ်၍ ၅၀၂ခု တိုးတက်လာခဲ့ကြောင်း။

ပါရဂူဘွဲ့သင်တန်းများ

၁၉၉၅ ခုနှစ်ကစပြီး ပါရဂူဘွဲ့သင်တန်းများ စတင်ပို့ချနိုင်ခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာနနှင့်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ကလည်း ပါရဂူသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၅ ခုနှစ်ကုန်အထိ မြန်မာနိုင်ငံတက္ကသိုလ်များက အပ်နှင်းခဲ့သည့် ပါရဂူဘွဲ့ရဦးရေသည် ၉၈၈ဦးအထိ လေ့ကျင့်မွေးမြူပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းကို တွေ့ရကြောင်း။

ထို့အပြင် VSAT အသုံးပြုသော တက္ကသိုလ်၊ ကောလိပ်ဌာန ၄၆ခုနှင့် ဖိုင်ဘာအော့ပတစ် အသုံးပြုသောဌာန ၁၃ ခုဖြင့် WAN ကွန်ရက်တစ်ခုတည်ဆောက်ပြီး သင်ကြားရေး စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီကို တွေ့ရှိရသည့်အတွက် အဆင့်မြင့်ပညာကဏ္ဍအနေဖြင့်လည်း တိုးတက်အောင်မြင်မှုများရှိနေကြောင်းကို တွေ့ရှိရကြောင်း။

အနှစ်သာရအပိုင်း

ထိုသို့ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာတွင် နိုင်ငံတော်၏ ပညာရေးအခြေအနေသည် ပုံသဏ္ဍာန်အားဖြင့်၊ အသွင်သဏ္ဍာန်အားဖြင့် တိုးတက်မှုများ ရှိလာခဲ့သကဲ့သို့ အနှစ်သာရအပိုင်းတွင်လည်း လိုက်လျောညီထွေစွာ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်အတွင်း အချို့သောနေရာများတွင် ပညာရေးအဆင့်အတန်းနှင့် အခြေအနေချင်း ကွာခြားမှုများရှိနေဆဲဖြစ်ကြောင်း၊ မြို့ကြီးများရှိ အခြေခံပညာသင်ကျောင်းများသည် အဆင့်အတန်းပြည့်မီမှုရှိသော်လည်း ကျေးလက်ဒေသများရှိ အချို့သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပညာသင်ကြားရေးအပိုင်း၊ စည်းကမ်းထိန်းသိမ်းရေးအပိုင်းနှင့် အဆောက်အအုံပိုင်းဆိုင်ရာများတွင် အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ အထူးသဖြင့် မူလတန်းကျောင်းများ၏ အဆင့်အတန်းသည် တစ်နေရာနှင့် တစ်နေရာ ကွာခြားမှုရှိနေဆဲဖြစ်ကြောင်း။

အရည်အသွေးမြင့်မားရန်လို

နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေးနှင့် တက္ကသိုလ်ပညာရေးတည်းဟူသော ပညာရေး အဆင့် လေးဆင့်စလုံးတွင် ပညာရေးစနစ် ကောင်းမွန်ရန်နှင့် အရည်အသွေး အဆင့်အတန်း မြင့်မားရန်လိုကြောင်း၊ နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မူလတန်းကျောင်းလေးသောင်းကျော် တိုးချဲ့ဖွင့်လှစ်ပေးခဲ့သကဲ့သို့ စာတတ်မြောက်ခြင်းအပိုင်းနှင့် စည်းကမ်းပြည့်ဝခြင်း အပိုင်းတို့သာမက ကျောင်း၏သွင်ပြင်လက္ခဏာများပါ သိသိသာသာ တိုးတက်မှုရှိလာစေရန် ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသည်လည်း အရေအတွက်အားဖြင့် တိုးတက်လာသကဲ့သို့ နေရာဒေသအလိုက် အဆင့်အတန်းချင်း ကွာခြားမှုများစွာ မဖြစ်ပေါ်စေရအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

လမ်းညွှန်မိန့်ကြားထား

ထိုကဲ့သို့ ကျောင်းများတွင် အရည်အချင်း ကွာခြားရခြင်း၏ အကြောင်းရင်းသည် အချို့သောကျောင်းများ၌ ဆရာ၊ ဆရာမများက မိမိအထူးပြုသည့် ဘာသာရပ်ကို ပြည့်ပြည့်ဝဝ သင်ကြားပေးနိုင်ပြီး ကျေးလက်ဒေသအပါအဝင် အချို့နေရာများတွင် ဘာသာရပ်ဘွဲ့နှင့် ကိုက်ညီမှုမရှိသည့် ဆရာများနှင့် သင်ကြားကြရခြင်းကြောင့်ဖြစ်ကြောင်း။

ထို့ကြောင့် အခြေခံပညာအဆင့်၌ သင်ယူတတ်မြောက်မှု အရည်အသွေး တစ်ပြေးညီဖြစ်စေရေးအတွက် သက်ဆိုင်ရာ ဆရာများအား မိမိတို့အထူးပြုသည့် ဘာသာရပ်ဖြင့် သင်ကြားပို့ချရေးအစီအစဉ်ကို စီမံဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မိန့်ကြားထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် အထက်တန်းကျောင်းများတွင် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများတွင် ၎င်းဘာသာများကို တက္ကသိုလ်များတွင် အထူးပြုအောင်မြင်ခဲ့သည့် ဆရာများဖြင့်သာ သင်ကြားရန်ဖြစ်ကြောင်း၊ ဆရာများ၏ ဘာသာရပ်ပညာအရည်အချင်း တူညီမှုရှိသည်နှင့်အမျှ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်သွေးများသည်လည်း တူညီမှုရှိလာမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခုသည် များစွာကွာခြားမှု မရှိစေရေးအတွက် ဘာသာရပ်ပညာအရည်အချင်း မြင့်မားသောဆရာများဖြင့် သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားစေရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့် အစီအစဉ်ကို ယခုလာမည့် ဒုတိယငါးနှစ် စီမံကိန်းကာလမှစပြီး ပီပီပြင်ပြင်ဖြင့် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ကြီးကြပ်ကွပ်ကဲမှုအရေးကြီး

ပညာရည်တိုးတက်မြင့်မားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲ လမ်းညွှန်မှုအပိုင်းသည်လည်း အရေးကြီးကြောင်း၊ နယ်မြေဒေသများရှိ အခြေခံပညာကျောင်းများ၏ သင်ကြားမှုအခြေအနေကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ပညာရေးဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက အခါမလပ် စစ်ဆေးကြပ်မတ်ကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ ပညာရည်မြင့်မားတိုးတက်ရေးဆိုင်ရာ စစ်ဆေးကြီးကြပ်မှုပြုကြရာတွင် မြို့နယ်ပညာရေးမှူးများအားလည်း ပီပီပြင်ပြင်တာဝန်ပေး စစ်ဆေးခိုင်းရန် လိုအပ်ကြောင်း၊ ၎င်းတို့တာဝန်ယူရသည့် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများကို အမြဲမပြတ် ပုံမှန်စစ်ဆေးရေးအတွက် Standing Order တစ်ရပ်ထုတ်ပြန်ပြီး တိတိကျကျ တာဝန်ပေးစစ်ဆေးခိုင်းရန် လိုအပ်ကြောင်း၊ Standing Order တွင် မည့်သည့်ဒေသ၊ မည်သည့်ကျောင်း၊ မည်သည့်ကာလအတွင်း အကြိမ်မည်မျှ စစ်ဆေးရမည်ကို ထည့်သွင်းဖော်ပြရမည် ဖြစ်သကဲ့သို့ ဆရာများ၏ သင်ကြားပို့ချမှုအခြေအနေ၊ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအခြေအနေ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံမှု၊ ကျောင်း၏ဥပဓိရုပ် စသည်များကို စစ်ဆေးစေပြီး စစ်ဆေးတွေ့ရှိချက်နှင့် ဆောင်ရွက်မှုအခြေအနေတို့ကို ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်ချက်အဖြစ် အဆင့်ဆင့်တင်ပြသွားစေရန်ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

အထူးသဖြင့် အထက်တန်းကျောင်းများတွင် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများတွင် ၎င်းဘာသာများကို တက္ကသိုလ်များတွင် အထူးပြုအောင်မြင်ခဲ့သည့် ဆရာများဖြင့်သာ သင်ကြားရန်ဖြစ်၊ ဆရာများ၏ ဘာသာရပ်ပညာအရည်အချင်းတူညီမှု ရှိသည်နှင့်အမျှ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်သွေးများသည်လည်း တူညီမှုရှိလာမည်ဖြစ်၊ ဒေသတစ်ခုနှင့် တစ်ခုသည် များစွာကွာခြားမှု မရှိစေရေးအတွက် ဘာသာရပ်ပညာအရည်အချင်းမြင့်မားသောဆရာများဖြင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားစေရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့် အစီအစဉ်ကို ယခုလာမည့် ဒုတိယငါးနှစ်စီမံကိန်းကာလမှစပြီး ပီပီပြင်ပြင်ဖြင့် ဆောင်ရွက်သွားရန်ဖြစ်။

(24-9)06.P65 1 32/24/4, 2:27 PM

● စာမျက်နှာ ၆ မှ

နိုင်ငံချုပ်အနေဖြင့် မူလတန်းပညာရေး အဆင့်မမီပါက အလယ်တန်းပညာရေး အဆင့်မီမည်မဟုတ်သည့်အပြင် အလယ်တန်းပညာရေး အဆင့်မမီပါက အထက်တန်းပညာရေးအဆင့်လည်းမမီနိုင်ဘဲ အထက်တန်းအဆင့်မမီပါက တက္ကသိုလ်ပညာရေးသည်လည်း အဆင့်ပြည့်မီမှု ရှိမည်မဟုတ်သည့်အတွက် အခြေခံပညာအဆင့်ဆင့်တွင် အရည်အချင်းပြည့်မီရန် အလွန်အရေးကြီးကြောင်း။

အခြေခံပညာ အဆင့်ဆင့်တွင် အရည်အချင်းပြည့်မီပါမှ တက္ကသိုလ်ပညာရေးအဆင့်တွင် ပညာရည်မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျောင်းသူ၊ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားလာစေရန် နိုင်ငံတော်မှ စီမံချက်များချမှတ်ဆောင်ရွက်စေခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် လက်ရှိအခြေအနေတွင် ပညာရေးနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်မှု Review ပြုလုပ်ရန်လိုအပ်လာကြောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်လေးဆင့်စလုံးတွင် ပညာရပ်ဆိုင်ရာ သင်ကြားပို့ချမှုအပိုင်း၊ စည်းကမ်းထိန်းသိမ်းမှုအပိုင်းနှင့် သင်ရိုးညွှန်းတမ်းအပိုင်းတို့နှင့် ပတ်သက်သော သုံးသပ်မှုများသာမက ကျောင်း၏ရုပ်ပိုင်း (Image) ဆိုင်ရာ သုံးသပ်ချက်များကိုလည်းကောင်း၊ ဘာသာရပ်တွဲနှင့်ကိုက်ညီသော ဆရာများဖြင့် သင်ကြားပို့ချနိုင်မှုအခြေအနေနှင့် ကျောင်းသား၊ ကျောင်းသူတို့၏ သင်ယူတတ်မြောက်မှုအခြေအနေတို့ကို စစ်ဆေးလေ့လာသုံးသပ်ပြီး ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်ချက်အဖြစ် လေးလလျှင်တစ်ကြိမ် အစိုးရအဖွဲ့ အစည်းအဝေးသို့ အစီရင်ခံတင်ပြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ၂၀၀၆ ခုနှစ် မေ ၂၂ ရက်တွင်ကျင်းပခဲ့သော မြန်မာနိုင်ငံပညာရေးကော်မတီ၏(၁/၂၀၀၆) ကြိမ်မြောက် အစည်းအဝေးမှတ်တမ်းကိုတင်ပြပြီး အစည်းအဝေး၏ အတည်ပြုချက်ကိုရယူသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍတွင် သင်ကြားရေးအစီအစဉ်များ တိုးချဲ့ဆောင်ရွက်မှုကြောင့် ဘွဲ့လွန်ဘွဲ့ရများ တိုးပွားလာမှု အခြေအနေ၊ အဆင့်မြင့်ပညာကဏ္ဍအရည်အသွေး မြှင့်တင်ရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပပြီးစီးမှုအခြေအနေ၊ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန (National Centre for English Language) ဖွဲ့စည်းပြီး လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေ၊ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းဖွင့်လှစ်လေ့ကျင့်နိုင်မှုအခြေအနေ၊ အခြေခံပညာအထက်တန်းအဆင့်တွင် ဘာသာရပ် ပညာအရည်အချင်း မြင့်မားသူများဖြင့် လေ့ကျင့်သင်ကြားနိုင်ရေးအတွက် ပညာရေးနည်းပညာအထူးသင်တန်း ဖွင့်လှစ်နေရာချထားမှုအခြေအနေနှင့် ၂၀၀၆–၂၀၀၇ ခု ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပညာရေးအဆင့်အတန်းမြင့်မားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးကာနိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးအဆင့်အတန်း မြင့်မားစေရေးဦးတည်ဆောင်ရွက်ရာတွင် ပညာရေးသင်ရိုး ညွှန်းတမ်း၊ သင်ရိုးမာတိကာများကို အနည်းဆုံး အာဆီယံနိုင်ငံများအဆင့်နှင့်တူညီစေရန်နှင့် နိုင်ငံတကာအဆင့်မီစေရန် မြှင့်တင်ရေးဆွဲရန်လိုကြောင်း။

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံနေရသည့်ကာလတွင် အင်္ဂလိပ်စာကျွမ်းကျင်တတ်မြောက်ရန်လည်းလိုကြောင်း။

အမှန်တကယ်တတ်ကျွမ်းအောင်သင်ကြား

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည့် အချိန်အခါတွင် စက်မှုသိပ္ပံနှင့် နည်းပညာ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များကိုလည်း အမှန်တကယ်တတ်ကျွမ်းအောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မြန်မာ့ရေမြေသဘာဝနှင့် သမိုင်းကြောင်းကို သိရှိစေရန်၊ ခေတ်အဆက်ဆက် နိုင်ငံကိုစည်းရုံးဦးဆောင်တည်ဆောက်ခဲ့ကြသည့် မြန်မာ့သူရဲကောင်းများ၏ စွမ်းဆောင်ရည်ကိုသိမြင်ပြီး မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေရန် သမိုင်းနှင့် ပထဝီဝင် ဘာသာရပ်များကိုလည်း အလေးထားသင်ကြားပေးရမည်ဖြစ်ကြောင်း။

နိုင်ငံသူ နိုင်ငံသားတိုင်းပညာရည်မြင့်မားပြီးကျန်းမာကြံ့ခိုင်သန်စွမ်းစေရေးအတွက် အခြေခံ ပညာအဆင့်ကစပြီး အားကစားလေ့ကျင့်သင်ကြားပေးမှုနှင့် ကျန်းမာရေးအသိပညာ ပေးမှုများ အဆင့်ဆင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စောင့်ကြပ်စစ်ဆေး

တစ်နိုင်ငံလုံး ပညာရည်အဆင့်အတန်း ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အခြေခံပညာကျောင်းများမှစတင်၍ ဘာသာရပ်ဆိုင်ရာတတ်ကျွမ်းသည့် ဆရာ၊ ဆရာမများ ပြည့်စုံလုံလောက်ရေး၊ သင်ကြားမှု အရည်အသွေးပြည့်ဝမြင့်မားရေး၊ ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစေရေးနှင့် လက်တွေ့တွင် ထိရောက်စွာ အသုံးပြုစေရေး၊ သင်ကြားမှုနှင့် သင်ယူတတ်မြောက်မှု စစ်ဆေးမှုအပိုင်း ဟန်ချက်ညီစေရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်နှင့် ပညာရေးကဏ္ဍဆောင်ရွက်မှုနှင့် အောင်မြင်မှုအခြေအနေတို့ကို အမြဲမပြတ်စောင့်ကြပ် စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို အချိန်မှန် အစီရင်ခံတင်ပြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မူလတန်းပညာအဆင့်၊ အလယ်တန်းပညာအဆင့်၊ အထက်တန်းပညာအဆင့်နှင့် တက္ကသိုလ်ပညာအဆင့် လေးဆင့်လုံးအဆင့်အတန်းနှင့် အရည်အသွေး ညီညီမျှမျှ တိုးတက်ဖြစ်ထွန်းစေရအောင်၊ တစ်နိုင်ငံလုံးတွင် ပညာရေးအဆင့်အတန်းတူညီစွာ တိုးတက်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အောင်တေးရေးစီ ဖော်ကွန်းတည်

(တေးထပ်)

* ဗီဇမှန် အမွေအနှစ်ရယ်က
အခြေအမြစ် ခိုင်သန်မာ၊
သွေမပစ် ပိုင်စံကာ၊
ကြိုင်လှုံဖြာ အစဉ်မွေး။
* မြန်မာမှု မျိုးချစ်မာန်ကို
ဖြိုးသစ်ရန် ကြိုးပမ်းလို့ပေး။
* ဇာတိသွေး ဘုန်းအင်ဖြာတယ်
ထုံးစဉ်လာ ယဉ်ကျေး။
* နှလုံးရွှင်စရာ ချိုမြအေးစေတဲ့
ဆို က ရေး အတီးဆင်၊
တစ်ဆယ့်လေးကြိမ် အခြေတင့်ပြီမို့
အသရေဆင့် ပွဲတော်ဆင်ယင်၊
အရှည်သဖြင့် အမြဲပေါ်လွင်အောင်
နှဲပျော်ရွှင် ဆောင်ဖော်ညွှန်းနေတဲ့
အောင်မော်ကွန်း ရေးခဲ့ပြီ
တေးဖွဲ့စာစီ
* အေးနွဲ့နွဲ့ သံစဉ်ညီတယ်
စံတင်တည် ဂီတကွဲ့လေး .....၊
* နောရသ ထံတျာသီတယ်
သံသာကြည် ချိုလွန်းရဲ့လေး၊
* သုခုမ ဂုဏ်မြင့်တည်တယ်
ထုံဝင့်ထည် ရိုးရာကွဲ့လေး .....။ ။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကိုဂုဏ်ပြုလျက် .....

ရေနံ့သာမောင်ကျော်ညွန့်

ယနေ့မိုးလေဝသ (၂၄–၉–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရွှေပါရမီ Shopping Mall ကိုတွေ့ရစဉ်။

(သတင်းစဉ်)

ရွှေပါရမီ Shopping Mall ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၆) ရပ်ကွက် ရန်ကုန်–အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်အနီးရှိ ဝါဝါဝင်း ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ဖွင့်လှစ်သည့် ရွှေပါရမီ Shopping Mall ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ တာဝန်ရှိသူများက ရွှေပါရမီ Shopping Mall ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံအတွင်းရှိ ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရွှေပါရမီ Shopping Mall ကို ဝါဝါဝင်းဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး အဆောက်အအုံ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်နှင့် စတုတ္ထထပ်များ၌ Fashion Shop များ၊ Beauty Saloon၊ ဖိနပ်အမျိုးမျိုးရောင်းချသည့် ဆိုင်များနှင့် ဓာတ်ပုံဆိုင်များ၊ ပဉ္စမထပ်၊ ဆဋ္ဌမထပ်နှင့် သတ္တမထပ်များ၌ စားသောက်ဆိုင်များနှင့် အင်တာနက်ကဖေး၊ အဋ္ဌမထပ်၌ Game City နှင့် ရုပ်ရှင်ရုံတို့ကို ဖွင့်လှစ်ထားပြီး မြေညီထပ်၌ မော်တော်ယာဉ်အစီး ၁၀၀ ရပ်နားနိုင်သည့် နေရာပါရှိသည်။

ပိတ်ရက်မရှိ

ရွှေပါရမီ Shopping Mall ကို ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့

World Heart Day

စက်တင်ဘာနောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၄–၉–၂၀၀၆

နှလုံးနုပျိုသန်စွမ်းမှ၊ သက်ရှည်ကျန်းမာကြ

How Young Is Your Heart

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၉–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ **ဆရာတော်ဦးဃောသိတ တရားတော်** –တဏှာသခ်ရသုတ်
၉:၁၀ ၁၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း "သုံးနာရီ သုံးဆယ့်ငါး"
၁၀:၃၀ ၁၂။ အပိတ်နှုတ်ဆက်စကား
၁၀:၃၁ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – ချစ်သောသိုရမ်**
၁:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၈။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀ ၁၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော် (ကဗျာဘွဲ့မှူး)
၆:၄၅ ၁၅။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – လွမ်းမပြေ (အပိုင်း–၂)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ENGLISH PREMIER LEAGUE ဘောလုံးပွဲ Newcastle Vs Everton
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသည် ၁၂၄ မိုင်
ဆက်သွယ်သွားလာမှု ပိုမိုတိုးတက်ကောင်းမွန်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးခဲ့သော တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာအနီး တွံတေးတူးမြောင်းပေါ်၌ တည်ရှိသော တွံတေးတံတားကို တွေ့ရစဉ်။

✳ ကျောဖုံးမှ

စွမ်းအင်

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မုတ္တမကမ်းလွန်ဒေသနှင့် ရခိုင်ကမ်းလွန်ဒေသတို့၌ ဆောင်ရွက်လျက်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေနံချက်စက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံ စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေး

ယင်းနောက်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရန်ကုန်မြို့ နာနတ်တောခုံးကျော်တံတားနှင့် ကျောက်ရေတွင်း ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်ဆဲ ရန်ကုန်-ညောင်လေးပင် ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း၊ ပဲခူး-ထားဝယ် ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း၊ မန္တလေး-မြစ်ကြီးနားရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ စစ်တောင်း-ဒိုက်ဦးရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းများ၊ ကြံခင်း-ပခုက္ကူ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း၊ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းနှင့် နေပြည်တော် ဘူတာတည်ဆောက်ရေးစီမံကိန်းတို့ အကောင်အထည်ဖော်ရေး ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗိုလ်ချုပ်အောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတ

အမှတ်(၁) လျှပ်စစ်စွမ်းအား

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှေးဦးစွာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က အတည်ပြုပြီး ဆောင်ရွက်နေဆဲ ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းတို့၏ တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် နန်ချိုရေအားလျှပ်စစ်စီမံကိန်း၊ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၊ တာဆန်း ရေအားလျှပ်စစ်စီမံကိန်း၊ ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီ ရေအားလျှပ်စစ်စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအား

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ခွင့်ပြုပေးခဲ့ပြီးနောက် တည်ဆောက်ပြီးစီးခဲ့သည့် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအခြေအနေ၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သို့ တင်ပြရခြင်း မပြုရသေးသော်လည်း အကောင်အထည်ဖော်ပြီးသော လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအခြေအနေ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်သွားမည့်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသွားမည့် ဓာတ်အားလိုင်းစနစ်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဆင့်မြင့်ဆက်သွယ်ရေး စီမံကိန်းဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့် အင်တာနက်ဆက်သွယ်မှုလုပ်ငန်းများစနစ် တည်ဆောက်ခြင်း စီမံကိန်းတိုးတက်မှုအခြေအနေ၊ ဆက်သွယ်မှုကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့် သတင်းအချက်အလက် မြန်နှုန်းမြင့်ဆက်သွယ်မှုစနစ် တည်ဆောက်ခြင်း လုပ်ငန်းဆောင်

ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ယင်းနောက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားပြီး နိုင်ငံတော်အတွက် အရေးပါသည့်စီမံကိန်းများကို တတ်နိုင်သမျှ အမြန်ပြီးစီးအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရန်၊ စီမံကိန်းအသုံးစရိတ်များကို မလိုအပ်ဘဲ တစ်ကြိမ်တည်း၊ တစ်ခါတည်း တောင်းခံသုံးစွဲခြင်းမျိုး မပြုရန်နှင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဖြစ်နိုင်သမျှ ပြည်တွင်း၌ တီထွင်ကြံဆထုတ်လုပ်နိုင်သောပစ္စည်းများကို သုံးစွဲကြရန် နိဂုံးချုပ်မှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက
ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသည်
နှစ်ဖာလုံရှိသည့် လမ်းဖြစ်သည်။ ယင်းလ
ကတ္တရာလမ်းမှာ ၄၈ မိုင် တစ်ဖာလုံရှိသည်၊
လမ်းမှာ မိုင် ၅၀ တစ်ဖာလုံဖြစ်ပြီး မြေလမ်း
ဖြစ်သည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း
ခဲ့သည့်အတွက် ပဲခူးရိုးမအရှေ့ဘက်ခြမ်းဒေသ
အနောက်ဘက်ခြမ်းဒေသများသို့ ဆက်သွယ
ရာတွင် ရန်ကုန်အထိသွားစရာမလိုဘဲ တောင်ငူ
ကိုဖြတ်ကျော်၍ ပြည်သို့ အချိန်တိုကာ
ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ဆက်သွယ်သွားလာမှုပိုမိုတိုးတက်ကောင်
ရေးအတွက် ပြည်-ပေါက်ခေါင်း-တောင်ငူ က
ကတ္တရာလမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာ

သံလွင်တံတား(မော်လမြိုင်)

သံလွင်တံတား(မော်လမြိုင်) ရထားတံတားဖွင့်ပွဲ
ရထားပါ သွားလာနေသည်ကို ဤသို့တွေ့မြင်ရသည်။

လိန်းလီတံတား

လိန်းလီတံတားသည် နေပြည်တော်နှင့် ရှမ်းပြည်နယ်၊ ကယား ပြည်နယ်တို့ကို ဆက်သွယ်ပေးသည့် ပျဉ်းမနား-ပင်လောင်းလမ်းပေါ်၌ တည်ရှိသည်။ ၂၈ ပေ အကျယ်နှစ်လမ်းမောင်း သံမဏိသံပေါင် ကြိုးတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ ပင်မတံတား ပေ ၁၀၀၀၊ ချဉ်းကပ်တံတား ပေ ၇၄၀ စုစုပေါင်းပေ ၁၇၄၀ ရှည်မည့်တံတားဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၇၅တန် ခံနိုင်ဝန်ရှိမည့် တံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

...တောင်ငူလမ်းသည် ၁၂၄ မိုင် နှစ်ဖာလုံရှိပြီး ကတ္တရာလမ်း ၄၈ မိုင် တစ်ဖာလုံ၊ ကျောက်လမ်း ၅၀ မိုင် တစ်ဖာလုံ၊ မြေလမ်း ၂၆မိုင်ဖြစ်

...မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ပြည်–ပေါက်ခေါင်း–တောင်ငူ ကားလမ်းကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ပြုပြင်သွားမည်

ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တင်ပြသော ပြည်–ပေါက်ခေါင်း–တောင်ငူလမ်းသည် ၁၂၄ မိုင် နှစ်ဖာလုံရှိသည့် လမ်းဖြစ်သည်။ ယင်းလမ်းအနက် ကတ္တရာလမ်းမှာ ၄၈ မိုင် တစ်ဖာလုံရှိသည်။ ကျောက်လမ်းမှာ မိုင် ၅၀ တစ်ဖာလုံဖြစ်ပြီး မြေလမ်းမှာ ၂၆မိုင် ဖြစ်သည်။

ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း ဖောက်လုပ်ခဲ့သည့်အတွက် ပဲခူးရိုးမအရှေ့ဘက်ခြမ်းဒေသမှ ပဲခူးရိုးမ အနောက်ဘက်ခြမ်းဒေသများသို့ ဆက်သွယ်သွားလာရာတွင် ရန်ကုန်အထိသွားစရာမလိုဘဲ တောင်ငူမှ ပဲခူးရိုးမကိုဖြတ်ကျော်၍ ပြည်သို့ အချိန်တိုကာလအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ဆက်သွယ်သွားလာမှုပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်–ပေါက်ခေါင်း–တောင်ငူ ကားလမ်းကို ကတ္တရာလမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတိုးမြှင့် ပြုပြင်သွားမည်ဖြစ်သည်။

ရွှေညောင်–ညောင်ရွှေ–မိုင်းသောက်–နမ့်ပန်–တုံဟုံး–ပင်လောင်းလမ်းမှာ ၅၃မိုင်ရှိသည်။ ကတ္တရာလမ်းပျက် ၁၄မိုင်ကျော်နှင့် ကျောက်ကြမ်းလမ်းနှင့် တစ်ကြောင်းထိုးလမ်းတို့ အများစုရှိသည့်လမ်းဖြစ်သည်။ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ ပိုမိုချောမွေ့အဆင်ပြေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကတ္တရာလမ်းအဆင့်အဖြစ် တိုးမြှင့်ဖောက်လုပ်သွားမည်ဖြစ်သည်။

လိန်းလီတံတား

လိန်းလီတံတားသည် နေပြည်တော်နှင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့ကို ဆက်သွယ်ပေးသည့် ပျဉ်းမနား–ပင်လောင်းလမ်းပေါ်၌ တည်ရှိသည့် တံတားဖြစ်သည်။

လိန်းလီတံတားကို ၂၈ပေ အကျယ် နှစ်လမ်းမောင်း သံမဏိသံပေါင်ကြိုးတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ ပင်မတံတားမှာ ပေ ၁၀၀၀၊ ချဉ်းကပ်တံတားမှာ ပေ ၇၄၀ စုစုပေါင်း ပေ ၁၇၄၀ ရှည်မည့်တံတားဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်းသည် ခွင့်ပြုတန် ၇၅တန်ခံနိုင်ဝန်ရှိမည့် တံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

ရောဝတီတိုင်းအတွင်း ဝါးခယ်မ–ရွှာသစ်–ကံကြီး–အိမ်မဲလမ်းပေါ်ရှိ ပြာမလော့မြစ်ကို ဖြတ်ကျော်၍ ဝါးခယ်မ–အိမ်မဲ–မြင်းကဆိပ်မှ ပုသိမ်သွားလမ်းသည် ကျွန်းကုန်း–ရွှေလောင်း–ကျုံကနောင်–ပုသိမ် လမ်းထက် ၄၆မိုင် ခေါက်ဖာလုံခရီးတိုသည့် လမ်းဖြစ်သည်။

ကျွန်းကုန်းတံတား

ဤလမ်း၌ ပြာမလော့မြစ်ကူးကျွန်းကုန်းတံတားကို တစ်လမ်းမောင်း ဘေလီကြိုးတံတားအဖြစ် တည်ဆောက်ပြီးဖြစ်သည်။ တံတားအရှည်မှာပေ ၅၀၀၊ ယာဉ်သွားလမ်းမှာ အကျယ် ၁၁ ပေ သုံးလက်မဖြစ်ပြီး ယာဉ်တစ်စီးချင်းသည် ခွင့်ပြုတန် ၁၈တန် ခံနိုင်ဝန်ရှိသည့် တံတားဖြစ်ကြောင်းသိရှိရသည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ထုတ်ယူရရှိမည်ဖြစ်သည်။

ဤစီမံကိန်းမှ ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးရန်၊ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်အား ရေလွှမ်းမိုးမှုမှ အထိုက်အလျောက် ကာကွယ်ရန်၊ တောင်ငူ၊ ထန်းတပင်ဒေသများအတွင်းရှိ လယ်မြေဧက ငါးသောင်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

တာဆန်း ရေအားလျှပ်စစ်စီမံကိန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်နှင့် မိုင်းတုံမြို့နယ်အကြား သံလွင်မြစ်ပေါ်၌ တာဆန်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

တာဆန်း ရေအားလျှပ်စစ်စီမံကိန်းသည် ရေအရင်းအမြစ် ပေါကြွယ်ဝသော သံလွင်မြစ်ပေါ်၌ တည်ဆောက်သွားမည်ဖြစ်ရာ ယင်းစီမံကိန်း ဆောင်ရွက်ဆဲ ကာလအတွင်းတွင် ရေလွှဲဥမင်လိုဏ်မှတစ်ဆင့် မဂ္ဂါဝပ် ၂၀၀ ထွက်ရှိမည့် Low Head Power Plantကို ဆောင်ရွက်သွားမည် ဖြစ်သည်။ ယင်းနောက် ဒုတိယအဆင့်အဖြစ် ၇၁၁ မဂ္ဂါဝပ်စီရှိ ဓာတ်အားပေးစက် ၁၀လုံးကို တည်ဆောက်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၁၁၀ ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်သည်။

ဟတ်ကြီးရေအားလျှပ်စစ်

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက ကရင်ပြည်နယ် ကမမောင်းရွာ၏ မြောက်ဘက် ၁၉မိုင်အကွာ သံလွင်မြစ်ပေါ်၌ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းမှာ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀၀ခန့်ကို ထုတ်ယူရရှိမည့်စီမံကိန်းဖြစ်သည်။

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၏ အရှေ့မြောက်ဘက် ၃ ဒသမ ၅ မိုင်အကွာ အမ်းချောင်းပေါ်၌ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ ရေအားလျှပ်စစ် ၁၅မဂ္ဂါဝပ် ထုတ်လုပ် ဖြန့်ဖြူးသွားမည်သာမက ဒေသအတွင်း ရေကြီးမှုကို အကာအကွယ်ပေးသွားနိုင်မည့် စီမံကိန်းဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

...လွန်းသိ
(...င်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်) ရထားတံတားဖွင့်ပွဲကို ၂၀၀၆ခုနှစ် မေ ၁၇ ရက်က ဖွင့်လှစ်ခဲ့ရာ ကားရော ...ထားပါ သွားလာနေသည်ကို ဤသို့တွေ့မြင်ရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်တင်နှင့်ကုန်တင်လေယာဉ်ကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းတက်နိုင်ရန် လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ပြေးလမ်းများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အစပြု၍ လေယာဉ်ကွင်းသစ် ၁၃ကွင်း၊ ကွင်းဟောင်းအား အဆင့်မြင့် တိုးချဲ့ပြုပြင်ခြင်း ၁၆ကွင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။

ယခုအခါ F-27 လေယာဉ်နှင့် ATR လေယာဉ်များအထိ ဆင်းတက်နိုင်သော လေယာဉ်ကွင်း ၃၆ကွင်း၊ F-28 လေယာဉ်အထိ ဆင်းတက်နိုင်သော လေယာဉ်ကွင်း ၂၆ကွင်း၊ Y-8 လေယာဉ်အထိ ဆင်းတက်နိုင်သော လေယာဉ်ကွင်း ၁၇ကွင်း၊ Boeing-737 လေယာဉ်အထိ ဆင်းတက်နိုင်သော လေယာဉ်ကွင်း ၁၃ကွင်း၊ Air Bus A-300 လေယာဉ်အထိ ဆင်းတက်နိုင်သော လေယာဉ်ကွင်း ၁၀ကွင်း၊ DC-10 လေယာဉ်အထိ ဆင်းတက်နိုင်သော လေယာဉ်ကွင်းခုနစ်ကွင်းတို့ကို တိုးချဲ့တည်ဆောက်ပြီးဖြစ်သည်။

နန့်ချို ရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ဆောင်ရွက်မည့် နန့်ချို ရေအားလျှပ်စစ်စီမံကိန်းမှာ မန္တလေးတိုင်း ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆မိုင်ခန့်အကွာ ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအထက်ဘက် နန့်ချိုချောင်းပေါ်၌ တည်ဆောက်သွားမည့် စီမံကိန်းဖြစ်သည်။

မဂ္ဂါဝပ် ၂၀ရှိ စက်နှစ်လုံးဖြင့် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ ထုတ်သွားနိုင်မည့် စီမံကိန်းဖြစ်သည်။

ပဲခူးတိုင်း တောင်ငူမြို့၏ အရှေ့ဘက်ခုနစ်မိုင်ခန့်အကွာ ထုံးဘိုကျေးရွာအနီး သောက်ရေခပ်ချောင်းပေါ်၌

တာဆန်း ရေအားလျှပ်စစ်စီမံကိန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်နှင့် မိုင်းတုံမြို့နယ်အကြား သံလွင်မြစ်ပေါ်၌ တာဆန်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည် ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းဆောင်ရွက်ဆဲ ကာလအတွင်း ရေလွှဲဥမင်လိုဏ်မှ တစ်ဆင့် မဂ္ဂါဝပ် ၂၀၀ ထွက်ရှိမည့် Low Head Power Plant ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒုတိယအဆင့်အဖြစ် ၇၁၁ မဂ္ဂါဝပ်စီရှိ ဓာတ်အားပေးစက် ၁၀လုံးကို တည်ဆောက်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၁၁၀ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်သည်။

(24-9)09.P65 1 32/24/4, 2:28 PM



ကျိုင်းခမ်းရေလှောင်တမံ စီမံကိန်း

ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း တည်နေရာပြ မြေပုံ။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ထမံသီ ရေလှောင်တမံ

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် တဇုန်းကျေးရွာအနီးချင်းတွင်းမြစ်ပေါ်၌ ရေလှောင်တမံ တည်ဆောက်၍ ရေအားလျှပ်စစ် မဂ္ဂါဝပ်၁၂၀၀ ထုတ်လုပ်ကာ လယ်မြေဧရိယာဧက ၁၀သိန်းခန့်ကို ဆည်ရေပေးနိုင်မည့် ထမံသီ ရေလှောင်တမံ ရေအားလျှပ်စစ်နှင့် ဘက်စုံစီမံကိန်းကြီးမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်သွားမည့် စီမံကိန်း ဖြစ်သည်။

ဖြန့်ဖြူးပေးလျက်ရှိ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဓာတ်အားစနစ် ကွန်ရက်ဖြင့်ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်၊ ရေနွေးငွေ့သုံးလျှပ်စစ်နှင့် ဒီဇယ်ဆီသုံးလျှပ်စစ် စသည့် လျှပ်စစ် ဓာတ်အားအစုစုတို့ကို လက်ခံရယူကာ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုဝန်ဆောင်မှုနှင့် ပြည်သူများ အသုံးပြုရန် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

အချိန်နှင့်တစ်ပြေးညီ

တိုးတက်လိုအပ်လာသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ထပ်မံတည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများမှ ဓာတ်အားကို ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ရန်အတွက် မဟာဓာတ်အားလိုင်း စီမံကိန်းများ၊ ပင်မဓာတ်အားခွဲရုံ စီမံကိန်း များကို သက်ဆိုင်ရာ ရေအား လျှပ်စစ်စီမံကိန်းများ တည်ဆောက်ပြီးစီးမည့် အချိန်နှင့်တစ်ပြေးညီ တည်ဆောက်၍ ဓာတ်အားပိုမိုသယ်ပို့ ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



ရန်ကုန်မြောက်ပိုင်းခရိုင် လက်ပံလျှပ်စစ်မြစ်ရေတင် စီမံကိန်းတည်နေရာပြမြေပုံ။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းချောင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း တည်နေရာပြ မြေပုံ။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)



မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း တည်နေရာပြမြေပုံ။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း ကတ္တရာလမ်းခင်းနိုင်ရေး စုပေါင်းငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၃

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း ကတ္တရာလမ်း ခင်းနိုင်ရေး အတွက် စုပေါင်းငွေလှူဒါန်းပွဲကို ယနေ့နံနက် ၁၁နာရီခွဲတွင် အဆိုပါ ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်ဝင်း၊ ဆေးရုံအုပ် ဒေါက်တာ စိုးမြတ်ဆွေ၊ ဒုတိယဆေးရုံအုပ် ဒေါက်တာ တင်တင်မိုး၊ ကုသရေးဌာနအသီးသီးမှ ပါမောက္ခ၊ ဌာနမှူးများ၊ တာဝန်ခံ ဆရာဝန်ကြီးများ၊ သူနာပြု ဒေါ်ခင်ရည်နှင့် ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီးက ဆေးရုံကြီးဝင်းအတွင်း ကတ္တရာလမ်းခင်းမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မိုးကုတ်မြို့နေ ဒေါ်ခင်မြင့်မိသားစုက ငွေကျပ် ၂၄သိန်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာရဲလွင်၊ ဒေါက်တာ လှမျိုးခင် (လင်းအထူးကုဆေးခန်း) မိသားစုက ငွေကျပ် ၁၂သိန်း၊ ဦးကျော်မြင့် – ဒေါ်ပွန်(မြင့်ကျော်ကျော်ကဖေး) မိသားစုက ငွေကျပ် ၁၀သိန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်ဝင်း–ဒေါ်ခင်စော ချမ်းမြေ့မိသားစုက ငွေကျပ် ငါးသိန်းနှင့် ဦးသန်းလွင်–ဒေါ်သန်းသန်းဦး (စင်ကာပူစတိုး) မိသားစုက ငွေကျပ် သုံးသိန်း စုစုပေါင်းငွေကျပ် ၅၄သိန်းကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ အဆိုပါ ဆေးရုံကြီးဝင်းအတွင်း ကတ္တရာလမ်းခင်းနိုင်ရေးအတွက် ငွေကျပ်သိန်း ၁၂၀ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရှိရပြီး လှူဒါန်းလိုပါက ဆေးရုံအုပ်ကြီးရုံးခန်းသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက် အားကစားသတင်းများ

အိမ်ကွင်းတွင် ရှုံးပွဲမရှိစံချိန် လီဗာပူး ဆက်လက်ထိန်းထား

လန်ဒန် စက်တင်ဘာ ၂၃

လီဗာပူးအသင်းသည် စနေနေ့က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် တော့တင်ဟမ်ဟော့စပါးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်ရာ ယခုနှစ် ဘောလုံးရာသီအတွင်း အိမ်ကွင်းတွင် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ကြောင်း စက်တင်ဘာ ၂၃ရက် အင်တာနက်သတင်း၌ ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် သုံးဂိုးစလုံးကို ဒုတိယပိုင်းတွင် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ချီလီလူမျိုး တောင်ပံသမား မာ့စ်ဂွန်ဇာလက်သည် ပွဲချိန် ၆၃ မိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၇၃ မိနစ်နှင့် ၈၉ မိနစ်တို့တွင် ဒတ်ချ်တိုက်စစ်မှူး ဒိုင်ယာကွတ်နှင့် နော်ဝေလူမျိုး ဂျွန်အန်းရီးယစ်စ်တို့က အသီးသီး ဆက်လက်ဂိုးသွင်းခဲ့ကြသည်။

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီအတွင်း အန်းဖီးလ်ကွင်းတွင် တတိယအကြိမ် အနိုင်ရခြင်းဖြစ်သည်။ ပေးဂိုးမရှိသေးသော လီဗာပူးအသင်းသည် စနေနေ့နှောင်းပိုင်း ပွဲစဉ်မပြီးဆုံးမီ အမှတ်ပေးဇယား၌ ၁၀ မှတ်ဖြင့် ပဉ္စမနေရာသို့ တက်လှမ်းလာနိုင်သည်။ **အင်တာနက်။**

စက်တင်ဘာ ၂၃ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းမှ ဘယ်လာမီထံမှ ဘောလုံးကို စပါးအသင်းမှ ပါစကယ်ချင်ဘွန်ဒါက ဖျက်ထုတ်စဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘီဘီစီ ရုပ်သံဌာနကို အာဆင်ဝင်းဂါးဝေဖန်

လန်ဒန် စက်တင်ဘာ ၂၃

အင်္ဂလန် ဘောလုံးလောကအတွင်း အဂတိလိုက်စားမှုများ ရှိသည်ဆိုသော ဘီဘီစီရုပ်သံဌာန၏ သတင်းများ မှန်ကန်ခြင်းမရှိကြောင်း အာဆင်နယ် အသင်းနည်းပြ အာဆင်ဝင်းဂါးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)သည် မီဒီယာသတင်းများ၏ ဖော်ပြချက်ကို သုံးသပ်လေ့လာခြင်းထက် လက်တွေ့အခြေအနေများကို စုံစမ်းစစ်ဆေးသင့်ကြောင်း၊ ဘောလုံးသမားများ အသင်းပြောင်းရွှေ့သည့် သဘောတူညီချက်များအတွက် မိမိအား ငွေကြေးအရ မက်လုံးပေးမှုများ လုံးဝမရှိခဲ့ကြောင်း၊ အင်္ဂလန်ဘောလုံးလောကအတွင်း အဂတိလိုက်စားမှု ပြဿနာများ ကျယ်ပြန့်ခြင်းမရှိဟု မိမိယူဆကြောင်း ဝင်းဂါးက ပြောကြားသည်။ **အင်တာနက်။**

အာဆင်နယ်က ရှက်ဖီးလ်အသင်းကို အနိုင်ရ

လန်ဒန် စက်တင်ဘာ ၂၃

အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို စနေနေ့က ကျင်းပရာတွင် အာဆင်နယ်အသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဝီလီယံဂေါလပ်စ်သည် ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့လာခဲ့ပြီး နောက်ပိုင်း အာဆင်နယ်အသင်းတွင် ၎င်း၏ ပထမဆုံးသောဂိုးကို သွင်းယူနိုင်သည်။ ပွဲချိန် ၆၅ မိနစ်တွင် သီယာရီဟင်နရီကန်သော ပြစ်ဒဏ်ဘောလုံးကို ဖက်ဘရေးဂက်ဆ်ထံမှတစ်ဆင့် ဂေါလပ်စ်က အပိုင်သွင်းယူသည်။

နောက် လေးမိနစ်အကြာတွင် ဟင်နရီဖြတ်ပို့ပေးသော ဘောလုံးကို ဖီးလ်ဂျာဂီကာက ကိုယ့်ဂိုးကိုယ်သွင်းခဲ့ရာ အာဆင်နယ်အသင်း ထပ်မံဂိုးရရှိခဲ့သည်။ တတိယမြောက်ဂိုးကို ဟင်နရီက ပွဲချိန် ၈၁ မိနစ်တွင် သွင်းယူခဲ့သည်။ **အင်တာနက်။**

အခြားပွဲရလဒ်များ

အက်စ်တန်ဗီလာ	**(၂–၀)**	**ချာလ်တန်**
ဖူလ်ဟမ်	**(၀–၂)**	**ချယ်လ်ဆီး**
လီဗာပူး	**(၃–၀)**	**စပါး**
မန်စီးတီး	**(၂–၀)**	**ဝက်စ်ဟမ်း**
မစ်ဒယ်ဘရော့	**(၀–၁)**	**ဘလက်ဘန်း**
ဝီဂန်	**(၁–၁)**	**ဝက်ဖို့ဒ်**
မန်ယူ	**(၁–၁)**	**ရီးဒင်း**

ရန်ကုန်–မန္တလေး အစုန်၊အဆန် လူစီးအမြန်ရထားများ၏ အချိန်စာရင်းသစ်

ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် အစုန်၊ အဆန် လူစီးအမြန်ရထားများ၏ ရထားထွက်ချိန်၊ ရထားဆိုက်ရောက်ချိန်များကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၂၆ ရက် (အင်္ဂါနေ့)မှ အစပြု၍ အချိန်စာရင်းသစ်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ ကြေညာချက်အရ သိရှိရပါသည်။ ပြေးဆွဲမည့်ရထားအချိန်စာရင်းသစ်ကို အောက်ပါအတိုင်း ကြေညာထားကြောင်း တွေ့ရှိပါသည်–

အဆန်ရထားများ–

စဉ်	ရထားအမှတ်	ရန်ကုန်မှ ထွက်ခွာချိန်	နေပြည်တော်သို့ ဆိုက်ရောက်ချိန်	မန္တလေးသို့ ဆိုက်ရောက်ချိန်
၁	၂၉ အဆန်	၀၄း၀၀	၁၂း၀၇	၁၈း၀၀
၂	၁၇ အဆန်	၀၄း၃၀	၁၃း၀၈	၁၉း၃၀
၃	၅ အဆန်	၀၅း၀၀	၁၃း၄၅	၂၀း၁၀
၄	၃ အဆန်	၀၅း၃၀	၁၄း၃၃	၂၁း၃၀
၅	၁၁ အဆန်	၀၆း၀၀	၁၅း၁၀	၂၂း၀၀
၆	၃၁ အဆန်	၀၉း၀၀	၁၇း၄၅	–
၇	၇ အဆန်	၀၉း၃၀	၁၈း၁၅	–

အစုန်ရထားများ–

စဉ်	ရထားအမှတ်	မန္တလေးမှ ထွက်ခွာချိန်	နေပြည်တော်မှထွက်ခွာချိန်/ နေပြည်တော်သို့ဆိုက်ရောက်ချိန်	ရန်ကုန်သို့ ဆိုက်ရောက်ချိန်
၁	၈ အစုန်	–	၀၆း၃၀	၁၅း၃၀
၂	၃၂ အစုန်	–	၀၈း၄၅	၁၇း၄၅
၃	၃၀ အစုန်	၀၄း၀၀	၀၉း၃၃	၁၈း၀၀
၄	၁၈ အစုန်	၀၄း၃၀	၁၀း၂၄	၁၉း၃၀
၅	၆ အစုန်	၀၅း၀၀	၁၀း၅၈	၂၀း၁၀
၆	၄ အစုန်	၀၅း၃၀	၁၁း၄၉	၂၁း၃၀
၇	၁၂ အစုန်	၀၆း၀၀	၁၂း၂၀	၂၂း၀၀

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၉–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၇။ ရေလှောင်တမံရဲ့နွယ်
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Say it in English.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ Yan Can Cook.
- ၁၁း၅၀ ၅။ **မြန်မာရုပ်ရှင် "စကားပြောသောအသည်းနှလုံး" (စိုးနိုင်၊ ဦးသိန်းမောင်၊ ကြည်ကြည်ဌေး၊ တင်တင်နွဲ့) (ဒါရိုက်တာ–ဦးသုခ)**
- ၂း၁၅ ၆။ တည်ဆောက်ပြုပြင် ရှမ်းအရှေ့တစ်ခွင်
- ၂း၂၅ ၇။ **"အလျော်အစား" (ဇင်ဝိုင်း၊ငွေစင်သွန်း၊ခင်သန်းနွယ်) (ဒါရိုက်တာ–ကျော်ဇောလင်း)**
- ၂း၃၅ ၈။ ထပ်ဆင့်အောင်ပွဲရောဝတီတံတား (ဒေးဒရဲ)
- ၂း၄၅ ၉။ International News.
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)**
- ၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၀၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၀၅ ၆။ ၂၀၀၆ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသမီး)
- ၅း၁၅ ၇။ သီးနှံစိုက်ပျိုးအထွက်တိုး [စပါးပန်းတိုင်အထွက်နှုန်းတင်း(၁၀၀)ထွက်ရှိရန် ဆောင်ရွက်ရမည့်နည်းပညာများ]
- ၅း၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ သီရိဂေဟာ
- ၇း၀၀ ၁၂။ Discovery.
- ၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်းရဲ့နေ့ရက်များ" (အပိုင်း–၁၀)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း–၂၂)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ပြည်နယ်နှင့်တိုင်းအချို့၌ ရေကြီးရေလျှံမိုးလျက်ရှိ လမ်း၊ တံတားများအား ပြင်ဆင်၍ လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအချို့တွင် ယခုရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာဒေသအချို့၌ ရေကြီးရေလျှံမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နှင့် မိုင်းပန်မြို့အကြား၌ စက်တင်ဘာ ၂၀ ရက်က မိုးသည်းထန်စွာ ရွာသွန်း၍ မိုင်တိုင်အမှတ်(၅၃)မှ (၆၈) အကြားတွင် တောင်များမြေပြိုကျပြီး ကားလမ်းပိတ်ဆို့နေသဖြင့် ယာဉ်သွားလာမှုများ ရပ်တန့်ထားခဲ့ရကြောင်း သိရှိရသည်။ အလားတူ လွိုင်လင်ခရိုင် လဲချား–မိုင်းကိုင် ကားလမ်းအကြားရှိ ကွန်ကရစ်တံတားအချို့မှာ တောင်ကျရေများ စီးဆင်းမှုကြောင့် တံတားဒေါက်တိုင်များ ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ သွားလာနိုင်ခြင်းမရှိသေးဘဲ တာဝန်ရှိသူများက လမ်းနှင့်တံတားများ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း စက်တင်ဘာ ၂၀ ရက် ည ၇ နာရီကျော်ခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ကျောက်နီမော်ရွာရှိ နေအိမ်အချို့ ပျက်စီးခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်၌ စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကိုးတောင်ဘို့ဘူတာနှင့် ဇော်ချောင်းဘူတာအကြား၌လည်းကောင်း၊ ရွှေဘို–မြစ်ကြီးနား ကားလမ်းပိုင်းနေရာအချို့၌လည်းကောင်း ရေကြီးရေကျော်လျက်ရှိသဖြင့် ရထားလမ်းနှင့်ကားလမ်းကို ခေတ္တပိတ်ထားကြောင်း သိရသည်။

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရွှေစာရံအနီးနှင့် စဉ့်ကိုင်မြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ရေသည် စက်တင်ဘာ ၂၁ ရက်တွင် မြင့်တက်ခဲ့ပြီး ကျောက်ဆည်မြို့နယ်ရှိ ဇော်ဂျီမြစ်ရေမြင့်တက်မှုကြောင့် အဆိုပါနယ်များအတွင်းရှိ ရွှေစာရံအောက်ရွာ၊ အင်းလျားအရှေ့ရွာ၊ အင်းလျားအနောက်ရွာ၊ တောင်ဘိုရွာ၊ ပင်တလယ်ရွာ၊ ထားဝယ်ရွာ၊ ဥယျာဉ်ရွာနှင့် ပြည်ပန်းရွာတို့မှ အိမ်ထောင်စုဝင်များအား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေကြီး ရေလျှံမိုးမှုကြောင့် ချို့ယွင်းပျက်စီးခဲ့သည့် လမ်း၊ တံတားများအား တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့်အိမ်ထောင်စုများအား လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေမင်းကံမိုးကုတ်ရိပ်သာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၃

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ပဓာနနာယက၊အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇနိတာလင်္ကာရ ဆရာတော်ကြီး၏တရားစခန်းဖွင့်ပွဲဩဝါဒနှင့်အတူ မိုးကုတ်နယ်လှည့်ဓမ္မကထိကဆရာတော်ဦးကေသရ(ရွှေမင်းကံ)သည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၄)ရပ်ကွက် ဩဇာလမ်းရှိ မိုးကုတ်ဓမ္မရိပ်သာရွှေမင်းကံကျောင်း၌ စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၆ရက်အထိ ခုနစ်ရက်တရားစခန်းပွဲတွင် သစ္စာလေးပါးတရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄–၉–၂၀၀၆ (တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ဂေါက်ရိုက်ကြရအောင်
- ၇း၂၅ တေးဂီတအစီအစဉ်
- ၇း၃၀ Sunday Talk [မျိုးမြတ်သူ၊ကိုကို (စက်မှုတက္ကသိုလ်)]
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ ဝိုင်းဝန်းပက်ဖျန်းမေတ္တာပန်း ထောက်ကြန့်ကလေးပြုစုရေးဌာန
- ၈း၄၀ နိုင်ငံတကာအနုပညာရေးရာ
- ၉း၀၀ ဆုရအက
- ၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၅ တေးဂီတအစီအစဉ်
- ၉း၂၀ အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (မျိုးမြင့်အောင်နှင့် ကဗျာဘွဲ့မှူး)
- ၉း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၃၅ တေးဂီတအစီအစဉ်
- ၉း၄၀ တီကောင်စွန့်ပစ်ဩဂဲနစ်
- ၁၀း၀၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၀၅ တေးဂီတအစီအစဉ်
- ၁၀း၁၀ ကလေးတို့အတွက် လက်ဆောင် (လိပ်ပြာနှင့်ပန်းဝိုင်းပြုလုပ်ပုံ)
- ၁၀း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၃၅ ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
- ၁၀း၄၅ တေးဂီတအစီအစဉ်
- ၁၀း၅၀ မိသားစုတနင်္ဂနွေ (စွယ်တော်မြတ်စေတီ)
- ၁၁း၀၅ Language Lab (ရန်ကင်းပညာရေးကောလိပ်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း)
- ၁၁း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ လိုရာခရီးအရောက်သွားနိုင်ဖို့ သုံးဘီးဆိုင်ကယ်စီးကြစို့
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League

ဘောလုံးပွဲစဉ်

ညပိုင်း ပွဲစဉ်

- ၉း၀၀ ပွဲကြိုသုံးသပ်ချက်
- **လိုင်း** 5-Sports
- ၉း၂၅ Newcastle-Everton
- **လိုင်း** 5-Sports(Live)

Series-A

ဘောလုံးပွဲစဉ်

ညပိုင်း ပွဲစဉ်

- ၁း၀၀ Udinese-Fiorentina
- **လိုင်း** 5-Sports(Live)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြို့ကွက်သစ်

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

အဆင့်မြင့်ဈေး

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံ လွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းကို ရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသောငွေကြေးအင်အားရှိမှုအခြေအနေအား အောက်ပါဌာနများ၏ ထောက်ခံချက်နှင့်အတူ တင်ပြရမည်–

(၁) လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားနှင့် တူညီသည့် လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းပမာဏ အခြေအနေနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက် (လုပ်ငန်း လိုင်စင်မိတ္တူတင်ပြရမည်)။

(၂) အထက်အပိုဒ်ခွဲငယ်(၁)ပါ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအတွက် ငွေကြေးလုံလောက်မှုအခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာဘဏ်၏ အာမခံချက်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှုအထောက် အထား။

(ခ) လျှောက်ထားသူသည် ယခင်ကတည်းက လျှောက်ထားသည့် လုပ်ငန်းအမျိုး အစားအား စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့သူဖြစ်ပြီး ထိုလုပ်ငန်းကိုပင် ဆက်လက်တိုးချဲ့လုပ်ကိုင်ရန် ရည်ရွယ်ထားသူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ်ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

စည်းကမ်းချက်များ

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရား ဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြု ပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

စုံစမ်းရန် ဖုန်းနံပါတ်များ။ ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊ ၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

Big C

SUPER MARKET

ဖွင့်လှစ်ခြင်းအား

အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

MK Fashion Shop

TRI

GIGA

Beiersdorf Co., Ltd

Silk Road Co., Ltd

CK Chit Khin Co.,Ltd

TA FA Trading Co ., Ltd

MIKKO Food Marketing Co., Ltd

PEACE MYANMAR GROUP Co, Ltd

Super Five Manufacturing Co., Ltd

Sweet Line Trading Co., Ltd

S.T.SHWE THANN TRADING CO.,LTD.

Shangrila Leap Int'l Co., Ltd

☆ ရှေ့ဖုံးမှ

အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆောက်လုပ်ရေး

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းကိစ္စ၊ ရွှေညောင်-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံး-ပင်လောင်းလမ်း ကတ္တရာလမ်းခင်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ လိန်းလီတံတားနှင့် ကျွန်းကုန်းတံတားတည်ဆောက်ရေး ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပို့ဆောင်ရေး

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက တည်ဆောက်ပြီး လေယာဉ်ကွင်းများ၊ တည်ဆောက်ဆဲ လေယာဉ်ကွင်းများနှင့် လေဆိပ်သစ်တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻



ဆွေးနွေးမှာကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၂/၂၀၀၆)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရဲရွာရေအားလျှပ်စစ်

မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းရွာအနီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ပညာရေးအဆင့် လေးဆင့်စလုံး ပညာရေးစနစ် ကောင်းမွန်ရန်နှင့် အရည်အသွေး၊ အဆင့်အတန်း မြင့်မားရန်လို ပညာရည်မြင့်မားတိုးတက်ရေး စစ်ဆေးကြီးကြပ်မှု ပြုရာတွင် မြို့နယ်ပညာရေးမှူးများအား ပီပီပြင်ပြင်တာဝန်ပေး

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၂/၂၀၀၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻